မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅.၅.၂၀၂၆ ရက်နေ့မှ ၃၁.၅.၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့
ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ဒေသထွက်သီးနှံများကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လေဆိပ်အဝင်လမ်းသစ်ဖောက်လုပ်နေမှုလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ဒေသထွက်သီးနှံများကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★



အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၄ ရက်)

စည်းလုံးညီညွတ်စွာအတူလက်တွဲဆောင်ရွက်စို့

(၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးကို မေလ ၂၁ ရက် နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြပြီး ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အင်ဒိုနီးရှားအမျိုးသားတပ်မတော်စစ်ဦးစီးအရာရှိချုပ်၊ လာအိုပြည်သူ့တပ်မတော်ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဖိလစ်ပိုင်တပ်မတော်စစ်ဦးစီးချုပ်၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တီမောလက်စ်တေတပ်မတော်စစ်ဦးစီးအရာရှိချုပ်၊ ဗီယက်နမ်ပြည်သူ့တပ်မတော်ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ်များ တက်ရောက်ခဲ့ကြသည်။ အာဆီယံနိုင်ငံ တပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက “မိမိတို့၏အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)” ခေါင်းစဉ်အပေါ် အမြင်များအား နှိုင်းအက္ခရာစဉ်အလိုက်အလှည့်ကျဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဆွေးနွေးရာတွင် **“ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် အခြေခံအုတ်မြစ်သည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လုံခြုံမှုပတ်ဝန်းကျင်အပေါ် မူတည်လျက်ရှိသဖြင့် အနာဂတ်တွင် ဒေသတွင်းတည်ငြိမ်မှုခိုင်မာအားကောင်းလာစေရန်နှင့် နက်နဲရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ အတူလက်တွဲကျော်လွှားတုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်ဖြစ်သော “မိမိတို့၏အနာဂတ်လုံခြုံစိတ်ချရစေဖို့ အတူလက်တွဲဆောင်ရွက်ကြပါစို့ (Securing Our Future, Together)” နှင့်အညီ အနာဂတ်ကာလတွင် မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူလူထု၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် မိမိတို့မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူလက်တွဲ၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း”** ဖြင့် အခိုင်အမာပြောကြားခဲ့သည်။

အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ခိုင်မာသည့်အခြေခံစည်းမျဉ်းများနှင့် ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုဖြစ်သည်။ အာဆီယံတပ်မတော်များသည်လည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လုံခြုံရေးတို့အတွက် စဉ်ဆက်မပြတ်ပိုမိုကောင်းမွန်တိုးတက်စေရန် အဓိကထားလုပ်ဆောင်လျက်ရှိသည်။ ယခုနှစ် အစည်းအဝေး၏ဆောင်ပုဒ်သည် အာဆီယံတပ်မတော်များ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသောအခြေအနေများနှင့် လွန်စွာကိုက်ညီမှုရှိသည့်အပြင် မဟာဗျူဟာမြောက်လိုအပ်ချက်တစ်ခုလည်းဖြစ်သည်။ အာဆီယံ၏အဓိကရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေးမီးမောင်းထိုးပြလျက်ရှိသည်။

လက်ရှိအချိန်တွင် အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံအား စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်ခြင်းထက် အဆိုပါနိုင်ငံအား လွှမ်းမိုးချုပ်ကိုင်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးမှုများမှတစ်ဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘောတရားရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေး၊ သံတမန်ရေး စသည့်အသွင်မျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံအချို့သည် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံငယ်များအား ၎င်းတို့၏လွှမ်းမိုးမှုအောက်သို့ရောက်ရှိစေရန် နိုင်ငံရေး၊ စီးပွားရေးအရလွှမ်းမိုးမှုမှသည် စစ်ရေးအရလွှမ်းမိုးနိုင်ရေးအတွက် မဟာမိတ်အုပ်စုများဖွဲ့စည်းပြီး စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လာသည်အထိ အပြိုင်ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ်ပေါ်ထွက်လာပြီဖြစ်သည်။ ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးခရီးလမ်းခိုင်မာစေရန် နိုင်ငံတော်နှင့်ကိုက်ညီသည့် ဒေသအခြေခံဖက်ဒရယ်စနစ်ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်မှုယန္တရားပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီဆက်လက်ဖော်ဆောင်သွားမည်သာဖြစ်သည်။ ထို့အတူ အာဆီယံဒေသအတွင်းရှိ ပြည်သူများ၏ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရင်းနှီးချစ်ကြည်မှုများကို အခြေခံကာ တည်ငြိမ်အေးချမ်း၍ လုံခြုံမှုရှိသည့်အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များအနေဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲဆောင်ရွက်သွားနိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

နည်းဥပဒေနှင့်ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်အကြောင်း နည်းပညာပေးသင်တန်းပို့ချ

မြိတ် မေ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေလ ၂၂ ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်ပိုင်ရှင်များအား မြေဩဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေနှင့်ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်အကြောင်း နည်းပညာပေးသင်တန်းကို ပို့ချပေးကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်တင်မိုးအေးက မြေဩဇာဥပဒေအကြောင်းကို လည်းကောင်း၊ မြိတ်ခရိုင်မျိုးစေ့တာဝန်ခံဦးမင်းမင်းထွန်းက မျိုးစေ့ဥပဒေအကြောင်းကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်သီရိဝင်းက ပိုးသတ်ဆေးဥပဒေနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်များအကြောင်းကိုလည်းကောင်းအသီးသီးဆွေးနွေးပို့ချပေးသည်။

ယင်းနောက် စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုအရောင်းဆိုင်ရှင်များမှ သိရှိလိုသောအကြောင်းအရာများကို မေးမြန်းကြရာ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

(၄၁၂)

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စလင်း မေ ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် တောစိမ့်ကျေးရွာအုပ်စု အုတ်ဖိုကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေလ ၂၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများအဖွဲ့သည် အုတ်ဖိုကန်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ လမ်းအရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသည့် ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရက် ၁၀၀ စီမံချက်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှ ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မေလတတိယပတ်မှစတင်၍ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ၃၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သန်းသန်းစိုး**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၅၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၂၀ အမှတ်တရနေ့ရက်များ
၄။ ၁၀:၄၀ မြန်မာသံစဉ်ချိုနားဝင်
၅။ ၁၁:၂၀ အတွေးအမြင်
၆။ ၁၂:၀၀ Weekly National News
၇။ ၁၃:၂၅ အိုဘယ်သခင်တေးနယည်
၈။ ၁၃:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၉။ ၁၄:၂၅ Music Gallery
၁၀။ ၁၅:၄၀ ဇာတ်လမ်းတို
၁၁။ ၁၆:၅၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၂။ ၁၇:၁၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၃။ ၁၇:၁၅ Beauty & Healthy Tips
၁၄။ ၁၇:၃၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၁၅။ ၁၇:၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၆။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၈။ ၁၉:၀၀ CGTN NATURE (24)
၁၉။ ည ၈ နာရီ သတင်းအပြီး အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ ကမ္ဘာ့ရေးရာမှတ်သားစရာ
၂၂။ ပန်းပေါင်းစုံစွာအနုပညာ
၂၃။ တရားတော်

မြဝတီ ခနဉ့်စဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်နိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ကိုရီးယားသမ္မတနိုင်ငံသို့ကြွရောက်

နေပြည်တော် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေလ ၂၄ ရက်တွင် ကျင်းပမည့် "50 Years of Gratitude & Friendship, 100 Years of Mercy" အခမ်းအနား ပါဝင်တက်ရောက်ရန် Korean Wave Culture Industry Forum (KWCIF) ၏ စီစဉ်ဖိတ်ကြားမှုဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ကြီးမှူးသည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ကိုရီးယားသမ္မတနိုင်ငံသို့ ကြွရောက်ရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်၌ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင်၊ စစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင့်သူနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။



ထို့နောက် ဆိုးလ်မြို့ရှိ Jogyesa Temple ၌ ကျောင်းထိုင်ဆရာတော် Venerable Damhwa Wonmyeong နှင့် လည်းကောင်း၊ Office of the President of the Jogye Order ၌ Jogye Order of Korean Buddhism ၏ ၃၇ ယောက်မြောက်ဥက္ကဋ္ဌ Ven. Jinwoo နှင့် လည်းကောင်း တွေ့ဆုံသည်။

Jogyesa Temple သည် ကိုရီးယားနိုင်ငံ ဗုဒ္ဓဘာသာ Jogye Order ၏ အဓိကဗဟို ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ၁၉၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ကာ ကိုရီးယား ဗုဒ္ဓဘာသာ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများအတွက် အရေးပါသောနေရာတစ်ခုဖြစ်သည့်အပြင် ကိုရီးယားရိုးရာဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသော Daeungjeon Hall (Main Buddha Hall)၊ နှစ်ရာချီသက်တမ်းရှိ သောသစ်ပင်ကြီးများနှင့် ရိုးရာမီးပုံးပွဲတော်များကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်ကြသည့်နေရာလည်း ဖြစ်သည်။

ယင်းနောက် ဆရာတော်နှင့်အဖွဲ့သည် Dongguk University ၏ ဥက္ကဋ္ဌ Yun Jae-woon နှင့်တွေ့ဆုံခြင်း၊ Dongguk University ရှိ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ Buddhist Broadcasting System (BBS) ၏ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွင် ပါဝင်ပြီး တရားဓမ္မဆိုင်ရာ မေးမြန်းလျှောက်ထားမှုများအပေါ် မိန့်ကြားသည်။

BBS သည် ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဆုံးသော ဗုဒ္ဓဘာသာရုပ်သံနှင့်ရေဒီယို ကွန်ရက်ဖြစ်ပြီး ရေဒီယိုအစီအစဉ်များ အပြင် ရုပ်သံလိုင်း (BBS TV) များမှ တစ်ဆင့် ဗုဒ္ဓစာပေ၊ ဝိပဿနာနှင့် ကိုရီးယားနိုင်ငံနှင့် နိုင်ငံတကာ ဗုဒ္ဓဘာသာသတင်းများကို တင်ဆက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ဆရာတော်ကြီးနှင့် အဖွဲ့သည် UNESCO ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်မှတ်တမ်းဝင်ဖြစ်သော Bulguksa Temple ၌ Venerable Jongcheon နှင့် လည်းကောင်း၊ Tongdosa Temple ၌ Venerable Hyeon-deok နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။ မြဝတီ

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် မေ ၂၃

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဗိုလ်ချုပ်ကျော်လင်းမောင်တို့က အမှာစကားများပြောကြားကြကာ နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၂၃

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းသို့ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/၉လ)

မော်ဘီမြို့နယ်နှင့်အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၂၃

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေး လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ပသီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော်(၄)ပါးနှင့်ဒေသခံပြည်သူ ၁၃၄ ဦးအား အဆိုပါကျေးရွာရှိ ပသီရွာဦးကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုး/အကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ အေးသုခမွန်ဗိမာန်တော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်ဖြင့် ပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးအား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

အိမ်ဆီသို့ ကျွန်ုပ် ချဉ်းကပ်လာသည်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျေးဇူးရှင်တို့က "ဟော ... မောင်ကံကောင်း ပြန်လာပါပကော" ဟု ဆိုကြသည်။ အသန့်ကမူ အိမ်ပေါ်မှပြေးဆင်းလာကာ "အစ်ကို ကံကောင်း ပြန်လာပြီ၊ အစ်ကိုကံကောင်းပြန်လာပြီ"ဟု ပါးစပ်က ဝမ်းသာအားရကြီး အော်၍လာ၏။ ပြေကျသော သူ့မန်းသျှောင်ကြီးကို တစ်ပတ်နှစ်ပတ် မွှေကြီးလင်းမွှေပတ်သလို ကပျာကသီပတ်ပြီး နောက် ကျွန်ုပ်၏လက်မောင်းကို ကိုယ်ခိုကာ ခုန်ဆွခုန်ဆွဖြင့် အိမ်ပေါ်သို့ ကျွန်ုပ်နှင့်အတူ တက်ခဲ့ပေသည်။

အိမ်ပေါ်သို့ ကျွန်ုပ်ရောက်၍ ထိုင်မိသည်နှင့်တစ်ပြိုင်နက် ကျေးဇူးရှင်တို့က "ဘယ့်နယ်လဲ မောင်ကံကောင်း ..."ဟု လိုရာကို လောလောဆယ်မေးကြ၏။ ကျွန်ုပ်သွားရင်းကိစ္စပြီးမြောက်သည်၊ မပြီးမြောက်သည်ကို မေးကြခြင်းဖြစ်ပေသည်။ ထိုအခါ ကျွန်ုပ်လည်း "နောက်တော့မှ အေးအေးဆေးဆေး ပြောပါရစေ"ဟု တောင်းပန်နေရစဉ် အနီး၌ထိုင်ကာ ကျွန်ုပ်၏မျက်နှာကိုကြည့်နေသော အသန့်ကလေးက ရုတ်တရက်ကြားဖြတ်၍ "ဟင် ... အစ်ကိုကံကောင်း ပါးချိတ်ကြီးရောင်လို့ပါလား ... ဘာဖြစ်တာလဲဟင် ..."ဟု စိုးရိမ်တကြီးမေးရှာပါသည်။ ကျေးဇူးရှင်ကြီးတို့ကလည်း အံ့သြဝမ်းနည်းသောအမူအရာများ ပေါ်လာရာက "အေးဟယ် ... ဟုတ်ပါရဲ့၊ တို့လည်း ခုမှမြင်မိတယ်၊ ဘာဖြစ်တာလဲဟင်"ဟု ပျာပျာသလဲဆိုလိုက်ကြရာ ကျွန်ုပ်မှာ ကျေးဇူးရှင်များပို၍စိတ်မကောင်းဖြစ်ကြမည်စိုးသဖြင့် "ကတ္တူပေါ်မှာ ကြိုးခွေနဲ့ ခြေထောက်ငြိပြီးလဲတာမှာ အံဖုံးနဲ့ ဆောင့်မိလို့ခင်ဗျ"ဟု ဖြေလိုက်ရ၏။ စင်စစ်မူကား ညီအစ်ကိုဝမ်းကွဲ မာနခဲ မောင်ညိမ်းအောင်၏ လက်သီးဒဏ်ချက်ကြောင့် ကျွန်ုပ်မှာ သွားတစ်ချောင်းနဲ့၍နေသည့်အပြင် ပါးချိတ်မှာလည်း ဖူးရောင်၍နေပေပြီ။ ထို့ပြင် ပါးချိတ်မှဒဏ်ရာကြောင့် ကတ္တူပေါ်ခရီးတစ်လျှောက်လုံး၌ စကားကိုမှ ဟဟမပြောနိုင်ခဲ့။ ထမင်းလုတ်ကိုပင် ပါးစပ်၌ စားနေကျအတိုင်း မခွဲနိုင်ခဲ့။ နေရင်းမြို့လေးသို့ ရောက်သောအခါ၌ အတန်သက်သာပြီဟု ဆိုရသည့်တိုင်အောင် ဒဏ်ရာမှာ ပြင်းထန်၍ပင် နေလေသေးသည်။

ထို့ကြောင့် ကတ္တူအဖုံးနှင့် ဆောင့်မိပါသည်ဟု စကားလိမ်ထိုးလိုက်ရာတွင် အသန့်မှာ သနားစိုးရိမ် မျက်နှာလေးပင် ပျက်၍ အိုသွားရာက "ဖြစ်မှဖြစ်ရလေ အစ်ကိုကံကောင်းရယ်၊ နေဦး အသန့် သစ်ကြံပိုးခေါက်နဲ့ ဇာတိပို့လ်သီးသွေးပြီး ယူခဲ့ဦးမယ်။ ကြည့်စမ်း ဘာဆေးမှလည်း လူးမထားဘူး"ဟုဆိုကာ ထိုင်ရာမှထရှာပါသည်။ ကျွန်ုပ်လည်း အသန့်စိတ်ကျေနပ်စေရန် "လူးပါသော်ကော အသန့်ရယ်၊ ကတ္တူပဲ့နင်းကြီးက ဆီမန်း မန်းပေးလို့ လူးရပါသကွဲ့။ အခုမှ အဝတ်အစားတွေပေမှာစိုးလို့ ဒဏ်ရာအနေနဲ့ ဆောင်းသီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေပို့ချပေးခဲ့ပါတယ်။ ဆောင်းသီးနှံအားလုံးပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

"အိမ်ပေါ်သို့ ကျွန်ုပ်ရောက်၍ ထိုင်မိသည်နှင့်တစ်ပြိုင်နက် ကျေးဇူးရှင်တို့က "ဘယ့်နယ်လဲ မောင်ကံကောင်း ..."ဟု လိုရာကို လောလောဆယ်မေးကြ၏။ ကျွန်ုပ်သွားရင်းကိစ္စပြီးမြောက်သည်၊ မပြီးမြောက်သည်ကို မေးကြခြင်းဖြစ်ပေသည်။ ထိုအခါ ကျွန်ုပ်လည်း "နောက်တော့မှ အေးအေးဆေးဆေး ပြောပါရစေ"ဟု တောင်းပန်နေရစဉ် အနီး၌ထိုင်ကာ ကျွန်ုပ်၏မျက်နှာကိုကြည့်နေသော အသန့်ကလေးက ရုတ်တရက်ကြားဖြတ်၍ "ဟင် ... အစ်ကိုကံကောင်း ပါးချိတ်ကြီးရောင်လို့ပါလား ... ဘာဖြစ်တာလဲဟင် ..."ဟု စိုးရိမ်တကြီးမေးရှာပါသည် . . ."

မြောင်းမြမြို့နယ်၌ ဗိုလ်ကိတ်ပဲများလျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရေး၊ သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် ပိုးမွှားရောဂါကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

မလူးခဲ့တာ"ဟု ဖြီးလိုက်ရ၏။ ဤ၌ အသန့်က "ကိုင်း အစ်ကိုကံကောင်း အဝတ်အစားလဲ၊ သစ်ကြံပိုးခေါက်လူးပြီးမှဆိုရင် ရုပ်အင်္ကျီချွတ်တော့၊ ပေရေကုန်ဦးမယ်။ အသန့်ဆေးသွေးပြီး ယူခဲ့မယ်"ဟု သညာပေးပြီး အတွင်းခန်းသို့ဝင်သွား၏။ ကျွန်ုပ်မှာလည်း ကျွန်ုပ်အတွက် သီးသန့်ပေးထားကြသော အိမ်ခေါင်းရင်းဘက် အဖီလေးချကာ ဆွယ်၍ ဆောက်ထားသည့်အခန်းလေးအတွင်းသို့ အဝတ်အစားလဲရန် ဆင်းခဲ့ရပေသည်။

အခန်းတွင်းသို့ရောက်သောအခါ အခန်းပတ်ဝန်းကျင်ကိုကြည့်၍ ကျွန်ုပ် သက်ပြင်းတစ်ချက်ချမိ၏။ ဓနိမိုး၊ ဓနိကာ၊ မြေပြင်ကြမ်းခင်း အခန်းလေးအတွင်း၌ တစ်နေရာတွင် ဂုနီအိတ်ချောစား ခင်းထားသော ကြက်ခြေခတ် ခြေထောက်နှင့် ခုတင်အပေါစားတစ်လုံးရှိ၏။ အနီး၌ စားပွဲအဖြစ် အသုံးပြုရသော ထင်းရှူးသေတ္တာအခွံတစ်လုံးရှိ၏။ တစ်နေရာ၌ကား သုံးတင်းဝင်ဂုနီအိတ်ကို ဖျင်တပ်ထားသည့် ပက်လက်ကုလားထိုင်တစ်လုံးရှိ၏။ ဦးခေါင်းချရာနေရာ၌ကား ဆီချေးများဖြင့် မည်းညစ်၍နေပေသည်။ အဘိုးတို့အိမ်က အဖိုးတန်ကတ္တီပါဆိုဖာကြီး ပက်အိပက်အိကြီးနှင့်ကား မကွာပါလား ...။ ထို့ကြောင့် သက်ပြင်းချမိ၏။ ထို့ကြောင့်ပင် မောင်ညိမ်းအောင်တို့၌ ကျွန်ုပ်အား ကိုယ်ထိလက်ရောက် စော်ကားနိုင်အား ရှိကြပေတော့သည်။ မဆန်းလှပါ။ ဆန်းသည်ဟု ထင်သလား။

မဒမတိုင်တွင် ရိုက်ထားသော သုံးလက်မသံချောင်း အင်္ကျီချိတ်၌ ကျွန်ုပ်၏အပေါ်အင်္ကျီ၊ ရုပ်အင်္ကျီများကိုချွတ်၍ ချိတ်နေစဉ်တွင် အိမ်မဆီမှ "အစ်ကိုကံကောင်း ဘယ်ရောက်သွားပြန်ပါလိမ့်၊ ဩော် ... သူ့အခန်းထဲမှာလား။ ကိုင်း ... အစ်ကိုကံကောင်းရေ ... ပါးချိတ်ကို ဆေးလူးရအောင်" ဟု ပြောဆိုသံနှင့်အတူ အသန့်ကလေးသည် အိမ်မမှ ကျွန်ုပ်၏အခန်းလေးသို့ကူးရာအပေါက်ဝတွင် လက်တစ်ဝါးစာခန့် ဆေးသွေးသည့် ကျောက်ပျဉ်ငယ်လေးတစ်ချပ်ကိုကိုင်လျက် ပေါ်လာသည်ကို မြင်ရပါသည်။

ထို့နောက် အသန့်သည် အိမ်မမ ကြမ်းပြင်ပေါ်မှ ကျွန်ုပ်၏အခန်းတွင်းမှ ပထဝီကြမ်းပြင်ပေါ်သို့ဆင်းရင်း ကျွန်ုပ်၏ခုံဖိနပ်ကိုစွပ်လျက် "ကဲ အစ်ကိုကံကောင်း ဆေးလူးရအောင် ဟောဒီမှာ"ဟုဆိုကာ ကျွန်ုပ်၏အနီးသို့ ချဉ်းကပ်လာ၏။ ကျွန်ုပ်လည်း ဆေးလူးခံရန် အသန့်ကို မျက်နှာမူ၍ လည်ကိုဆန့်ပေးလိုက်စဉ် အသန့်လည်း ကျောက်ပျဉ်လေး၏မျက်နှာဝမှ သစ်ကြံပိုးခေါက်နှင့် ဇာတိပို့လ်အနှစ်များကို လက်ညှိုးလေးနှင့်သပ်၍ ယူလိုက်ပြီးနောက် ဆေးလူးပေးမည် ဟန်ပြင်ပြီးကာမှ "ပက်လက်ကုလားထိုင်မှာပဲ ထိုင်ပါလား အစ်ကိုကံကောင်းရာ၊ အသန့်က အရုပ်နိမ့်တော့ ဆေးလူးရမှာခက်တယ် ..."ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဂုနီအိတ်ပက်လက်ကုလားထိုင်တွင်ထိုင်၍ နောက်သို့လှန်မှီကာ ဆေးလူးခံဖို့ အသင့်ပြင်လိုက်ရ၏။ ဤတွင် အသန့်ကလေးလည်း ကုလားထိုင်ဘေးတွင် လာ၍ရပ်ကာ ခါးလေးကို ညွတ်၍ ကျွန်ုပ်၏ရောင်ရမ်းနေသောပါးချိတ်ကို ကြင်နာယုယစွာ ဆေးလူး၍ ပေးရှာပေသည်။ ဆေးလူးနေရင်းကလည်း "အစ်ကိုကံကောင်းကလည်း သိပ်ပြီး ရုပ်တေးနိုင်တာပဲကိုး။ မှန်းစမ်း ရောင်နေလိုက်တာ ... ကြိုးခွေကြီးတစ်ခုလုံးမှ မမြင်ဘူးလား ... ကလေးကျနေတာပဲ"ဟု လူကြီးပမာ အခြောက်တိုက် ကြိမ်းဝါးသယောင် ဆို၍ နေပြန်လေသေးသည်။

သူကလေးကစ၍ ဆေးလူးပေးချိန်၌ ကျွန်ုပ်သည် မျက်စိကိုမှိတ်၍ မေးရိုးပေါ်အောင် လည်ကိုသာ အသင့်ဆန့်ထားပေးထား၏။ သစ်ကြံပိုးနှံ့တို့ နှာဝတွင် ဝင်ရောက်လာကြပြီးနောက် ရောင်ရမ်းနေသော ပါးချိတ်အသားပြင်တွင် ဆေးထိသောအခါ၌ အေးစက်သော အရာသာတစ်မျိုးကို ခံစေရ၏။ သူကလေးက ဤသို့ ကြိမ်းဝါးသယောင်ဆိုသောအခါ၌ ကျွန်ုပ်သည် "မကြိမ်းပါနဲ့ အစ်မကြီးရယ် ... ကတည်းမှပဲ သူများမှာ နာရတဲ့အထဲအဲ .."ဟု သူ့အား တစ်ချက်ရယ်၍ ပြောမိ၏။ ပြောနေသည့်ခဏလေးအတွင်းဝယ် ကျွန်ုပ်၏မျက်လုံးများသည် နီးကပ်စွာမြင်၍နေရသော အသန့်၏ မျက်နှာလေးကို မျက်နှာအနေအထား အလိုက်သင့်နေသောကြောင့် ဝီရိယမစိုက်ရဘဲနှင့် စူးစူးစိုက်စိုက်ကြည့်လိုက်မိသကဲ့သို့ ဖြစ်နေ၏။

အသန့်ကလေး၏နဖူးပြင်လေးမှာ အသားအရေကြည်လင်သော အရွယ်ပီပီ ပကတိဖြူစင်ဝင်းဝါလျက် ပြေပြေလေးရှိ၏။ မျက်ခုံးလေးများမှာလည်း ပင်ကိုအတိုင်းအားဖြင့်ပင် သေးမျှင်သွယ်တန်း၍ နေကြပေသည်။ မျက်တောင်ကော့ကြီးများကိုလည်း နီးကပ်စွာမြင်ရလျက် နက်မှောင်သောမျက်တောင်ကော့ကြီးတွေ ဝန်းရံနေသည့် အသန့်၏ ဝိုင်းစက်လှပသောမျက်လုံးများမှာ ကျွန်ုပ်၏ပါးချိတ်ပေါ်၌ စူးစိုက်နေကြသည်မှာလည်း ကြင်နာမှုအရိပ်အယောင်များ သန်းနေကြပြီးလျှင် ပကတိနူးညံ့သိမ်မွေ့၍ နေကြတော့၏။ တင်ထားသလိုရှိသော နှာတံလေး၏အစွန်းမှ နှာဝလေးများမှာ ပါးပါးလျားလျားနှင့် နီထွေးကာ သွေးကြောလေးတို့ ဆံခြည်တန်းနေ၏။

ဆက်လက်ဖော်ပြပါမည်။

ဝါးခယ်မမြို့နယ်၌ ဗိုလ်ကိတ်ပဲဧကအား လုံးရိတ်သိမ်းပြီးစီး

ဝါးခယ်မ မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲဧကအား လုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဝါးခယ်မမြို့နယ်၌ ဗိုလ်ကိတ်ပဲ ၅၀၅၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများကို ပြန်လည်ရိတ်သိမ်းရာ လက်ရှိတွင် ၅၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၇ တင်းခန့် ထွက်ရှိကြောင်း သိရသည်။


"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲဧက ၅၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်းသီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေပို့ချပေးခဲ့ပါတယ်။ ဆောင်းသီးနှံအားလုံးပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ဗိုလ်ကိတ်ပဲများလျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရေး၊ သီးနှံများ အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် ပိုးမွှားရောဂါကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

ပင်လောင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ပင်လောင်း မေ ၂၃



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နမ့်ပါကျေးရွာနှင့် ပေါ့ကဲကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် အတူ နမ့်ပါကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပေါ့ကဲကျေးရွာ၌ အလျား ပေ ၅၀၊ အကျယ် ၃၅ ပေ၊ အနက် ၇ ပေရှိ မြေသားရေကန် အုတ်စီကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် VDP စီမံကိန်းပုံပိုးငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် ၊ မေ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ H.E. Mr. Valery D. Zorkin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကြီးကြပ်ထိန်းကျောင်းခြင်းနှင့် မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ မေလ ၁၉ ရက်မှ ၂၁ ရက်အထိ တက်ရောက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions– AACC)၊ အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားသူကြီးများ၊ အခြားဖိတ်ကြားထားသော ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြသည်။

ညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

မြဝတီ

ပုသိမ်မြို့ရှိ သူနာပြုသင်တန်းကျောင်း၊ ပြည်သူ့ဆေးရုံကြီးနှင့် တိုင်းရင်းဆေးရုံတို့အား ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ၊ မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်တို့သည် ယနေ့ နံနက်ပိုင်းတွင် သူနာပြုသိပ္ပံ(ပုသိမ်)သို့ ရောက်ရှိပြီး ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်း (Skill Lab)၌ လက်တွေ့သင်ကြားနေမှု၊ ထမင်းချက်ဆောင်နှင့် ထမင်းစားဆောင်၊ သင်တန်းသူအိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စာသင်ခန်း(၁)၌ သင်ကြားရေးဆရာများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံကာ စီမံရေးရာကိစ္စများ၊ သင်ကြားရေးကိစ္စများ၊ သူနာပြုသိပ္ပံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးကိစ္စများ၊ အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပုသိမ်ပြည်သူ့ဆေးရုံကြီး (၉)ထပ်ကုသဆောင် အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်ကြီးနှင့် သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကုသမှုအရည်အသွေးနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေး ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပုသိမ်မြို့သို့သွားရောက်၍ အတွင်းလူနာဆောင်၊ သံဃာဆောင်၊ အကြောပြင်ဌာနနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

တာချီလိတ်မြို့ရှိ ကုန်သွယ်မှုလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး

တာချီလိတ် ၊ မေ ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက် ၇ နာရီတွင် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးတံတားအမှတ်(၂) ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ One Stop Service (OSS)အဖွဲ့များနှင့်တွေ့ဆုံ၍ ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရန်၊ လိုင်စင်တွင်ပါသည့် အမျိုးအစား၊ တန်ချိန်အတိုင်းဖြစ်စေရေး ကြပ်မတ်ရန်နှင့် တရားမဝင် တင်ပို့/တင်သွင်းခြင်းများမရှိစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်တာချီလိတ်မြို့နယ်မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာရှိ Moon HL Trading ကုမ္ပဏီ၏ ပြောင်းဂိုဒေါင်သို့ သွားရောက်၍ ပြောင်းဆန်များသိုလှောင်ထားရှိမှုနှင့် တင်ပို့မည့်အခြေအနေကို ပူးပေါင်းဆောင်ရွက်ရေး ကျင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များက စီမံကိန်းနှင့်ပတ်သက်သော နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာ ပညာရှင်များ၏ တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုအပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားပုံ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ လည်းကောင်း၊ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ရောက်ရှိပြီး OSS အဖွဲ့ဖြင့် ဆိပ်ကမ်း၌ကုန်တင်/ကုန်ချဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာချီလိတ်မြို့ Lord Eagle Hotel ၌ အစည်းအဝေးခန်းမတွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် OSS အဖွဲ့ဝင်များကိုတွေ့ဆုံ၍ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအနေဖြင့် အဂတိကင်းရှင်းစွာ ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)၌ ပို့ကုန်/သွင်းကုန်ယာဉ်များပေါ်ရှိ ကုန်ပစ္စည်းများ စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



တနိုင်းမြို့နယ်၌ ဧရာဝတီမြစ်ဆုံ - မြစ်ညာမြစ်ငှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများအား တွေ့ဆုံရှင်းလင်း



တနိုင်း ၊ မေ ၂၃

ကျင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကျင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက မေလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် တနိုင်းမြို့ ပုန်ခုန်းကောင်းရပ်ကွက် ဟူးကောင်းခန်းမ၌ တနိုင်းမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများမှ ဂျိန်ဖော့၊ ရဝမ်၊ လီဆူ၊ ဗမာ၊ နာဂ၊ ရခိုင် စသည့် တိုင်းရင်းသားမျိုးနွယ်စုများအား ဧရာဝတီမြစ်ဆုံ- မြစ်ညာမြစ်ငှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းသည်။

ထိုသို့တွေ့ဆုံရှင်းလင်းရာတွင် ဧရာဝတီမြစ်ဆုံ- မြစ်ညာမြစ်ငှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံများမေးမြန်းသည့် စီမံကိန်းဆိုင်ရာများ၊ စိုးရိမ်ပူပန်မှုများနှင့် အကျိုးခံစားခွင့်ဆိုင်ရာများကို ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူကျီးမြို့၌ကျင်းပသည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်နှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်

နေပြည်တော် မေ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Wentao ၏ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူကျီးမြို့၌ ယမန်နေ့ကကျင်းပသည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်(Regional Comprehensive Economic Partnership Agreement – RCEP) နှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေးသဘောတူစာချုပ် (Comprehensive and Progressive Agreement for Trans-Pacific Partnership – CPTPP) တို့၏ အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

ဆွေးနွေးပွဲကို RCEP နှင့် CPTPP သဘောတူစာချုပ်များတွင် ပါဝင်သောနိုင်ငံများအကြား နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သောကုန်သွယ်မှုကိုထောက်ခံရန်၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုစနစ်ကို ထိန်းသိမ်းရန်နှင့် စက်မှုနှင့်ထောက်ပံ့ရေးကွင်းဆက်များတည်ငြိမ်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး သဘောတူစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာကုန်သွယ်ရေးကိုယ်စားလှယ် (full Minister Rank)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Li Chenggang က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသောအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သောကုန်သွယ်မှုကိုထောက်ခံရေး၊ ပွင့်လင်းမြင်သာပြီး စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုစနစ်ကိုထိန်းသိမ်းရေး၊ စက်မှုနှင့်ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်မှုရှိစေရေး၊



RCEP နှင့် CPTPP သဘောတူစာချုပ်များအကောင်အထည်ဖော်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းပြီး စည်းမျဉ်းအခြေပြု နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို အခိုင်အမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအပေါ်အချို့သောနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်ရေးစနစ်အတွင်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အကျိုးကျေးဇူးများစွာရရှိသည်ကို အသိအမှတ်ပြုပါကြောင်း၊ အဆိုပါ နိုင်ငံစုံကုန်သွယ်ရေးစနစ်သည် ကုန်သွယ်ရေးဆိုင်ရာအခွင့်အလမ်းများနှင့် စီးပွားရေးကြံ့ကြံ့ခံနိုင်စွမ်းကို အထောက်အကူများစွာပြုပါကြောင်း၊ မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေးကိုသာ အဓိကရေးရှုလုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးရည်ရွယ်ချက်မပါရှိပါကြောင်း၊ ညီမျှပြီး တည်ငြိမ်သည့် ကုန်သွယ်ရေးဝန်းကျင်ကောင်းကိုရရှိစေရန် ပို့ကုန်၊ သွင်းကုန်နိုင်ငံများအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာအကောက်ခွန်မူဝါဒများကို မျှတ၍ အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးဆောင်ရွက်သင့်ပါကြောင်း၊ သင့်လျော်သည့်ကုန်သွယ်ရေးအခွန်နှုန်းထားများကို ထားရှိစေခြင်းဖြင့် နိုင်ငံအချင်းချင်းကုန်သွယ်မှုကိုတိုးမြှင့်လာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ဒစ်ဂျစ်တယ်နှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးပေးမြှင့်တင်ရန်လိုအပ်ကြောင်းနှင့် ဒေသတွင်းပေါင်းစည်းမှုခိုင်မာစေရန် RCEP နှင့် CPTPP သဘောတူစာချုပ်များအကြား ချိတ်ဆက်မှုမြှင့်တင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

တရုတ်နိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လက်ဖက်နေ့အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် မေ ၂၃


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေလ ၂၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လက်ဖက်နေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကွမ်ရှီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသရေးရာဌာနက "ပိုးလမ်းမထက်က လက်ဖက်ရန်နှင့် အနာဂတ်စိုက်ပျိုးရေးနည်းပညာဆီသို့" ခေါင်းစဉ်ဖြင့်ကျင်းပသည့် အဆိုပါအခမ်းအနားသို့ ကွမ်ရှီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသရေးရာဌာနတာဝန်ရှိသူများ၊ ဦးစီးဌာနများ၊ သုတေသနနှင့် တက္ကသိုလ်၊ သိပ္ပံများမှပညာရှင်များ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်၊ ကင်ညာနိုင်ငံနှင့် FAO တို့မှ ကိုယ်စားလှယ်များ၊ လက်ဖက်ပညာရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် Liyuan International Conference Center ၌ ခင်းကျင်းပြသထားသည့် ဒေသအသီးသီးမှ လက်ဖက်ခြောက်မျိုးစုံပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး နန်နင်းမြို့မှ ၁၀၀ ကီလိုမီတာခန့် ကွာဝေးသည့် ဟန်ကျိုးမြို့တော် National Modern Agricultural Industrial Park ၌ တည်ရှိသော စံပယ်ပန်းရန်ကုန် လက်ဖက်ထုတ်လုပ်သည့် လုပ်ငန်းခွင်နှင့် စံပယ်ပန်းစိုက်ခင်းများကို သွားရောက်လေ့လာကြသည်။

မေလ ၂၁ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်-အာဆီယံ သိပ္ပံဥာဏ်ရည်တုဆိုင်ရာဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ခြင်းစင်တာသို့ သွားရောက်၍ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍအသီးသီး၌ သိပ္ပံဥာဏ်ရည်တုကိုအသုံးချနိုင်ရန် တီထွင်စမ်းသပ်မှုများ၊ တရုတ်နှင့်အာဆီယံဒေသများအကြား သတင်းအချက်အလက်များကို လုံခြုံစွာစီးဆင်းနိုင်စေရန် စီမံဆောင်ရွက်ထားရှိမှုများကို လေ့လာသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **မြဝတီ**

မိုးလေဝသ သတင်း



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စံနမူနာပြရှေ့ပြေးဥပဒေရုံးများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စံနမူနာပြရှေ့ပြေးဥပဒေရုံးများအဖြစ် ဆောင်ရွက်နေသည့် သဃ်ိန်းကျွန်းခရိုင်၊ သာကေတမြို့နယ်၊ သန်လျင်ခရိုင်၊ အလုံခရိုင်၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ ရှေ့ပြေးဥပဒေရုံးများနှင့် သန်လျင်မြို့နယ်ရှိ ဥပဒေရုံးသစ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ရှေ့ပြေးဥပဒေရုံးများဖွင့်လှစ်ခြင်းဖြင့် ဥပဒေအရာရှိများ ကိုယ်ကျင့်သိက္ခာနှင့်လျော်ညီစွာ နေထိုင်ရေး၊ ဥပဒေပညာရပ်များကျွမ်းကျင်တိုးတက်စေရေးအပြင် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မှတ်ပုံတင်ရေးသွင်းခြင်း၊ အစီရင်ခံစာပေးပို့ခြင်းတို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန် အမှုလိုက်ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများကြား နည်းပညာအသုံးပြုခြင်းဖြင့် မြန်ဆန်စွာဆောင်ရွက်နိုင်ရန်နှင့်ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre – Trial Interview,PTI) များကို ဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူမြို့နယ်ဥပဒေရုံး၊ ပဲခူးခရိုင်နှင့်ပဲခူးမြို့နယ်ဥပဒေရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၃

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/၈လ)

အသေးစား၊ အငယ်စားနှင့်အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲနှင့် MYANWEN FRIENDSHIP BADMINTON TOURNAMENT 2026 ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် မေ ၂၃

အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် MYANMAR PLAZA ၌ ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဆိုင်ခန်းပေါင်း ၁၁၀ ဖြင့် မေလ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့နောက် Myanmar Women Entrepreneurs Network နှင့် Myanmar Badminton Federation(MBF)တို့ ပူးပေါင်းပြုလုပ်သည့် MYANWEN FRIENDSHIP BADMINTON TOURNAMENT 2026 ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။



ယင်းနောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (MYANWEN) ဒုတိယဥက္ကဋ္ဌ Chairman of Sport Committee ဒေါ်သူဇော်ဝင်းက ပြိုင်ပွဲအကြောင်းရင်းလင်းတင်ပြပြီး အခမ်းအနားအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။ အဆိုပါ MYANWEN FRIENDSHIP BADMINTON TOURNAMENT 2026 ကို အားကစားသမား ၂၁၈ ဦးဖြင့် မေလ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ဓွဲထက်ကို(ပြန်/ဆက်)

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ပြင်ဦးလွင်က ပန်းကလေးတွေ

❖ ပြင်ဦးလွင်မှာ၊ ပွင့်ဖူးပါသည်
ဖြူပြာ သိဂီ၊ ဣန္ဒနီနှင့်
ဝါနီပန်းရင့်၊ ခရမ်းဆင့်လျက်
ပန်းပွင့် ပန်းငုံ၊ အလှစုံသည်
ဝတ်မှုန်ရွှေနှယ် ဝင်းသည်တကား။

❖ နွေရောက်သည့်ခါ၊ စိန်ပန်းပြာနှင့်
ဆောင်းမှာ ချယ်ရီ၊ ပင်လုံးနီလျက်
ရာသီမိုးဦး၊ ပန်းစုံဖူး၏
ခူးလှည့်ပါဆွေ၊ ဖိတ်ခေါ်နေသို့
“နွေအခါမှာ၊ နွေရာသီပန်း
မိုးအခါမှာ၊ မိုးရာသီပန်း
ဆောင်းအခါမှာ၊ ဆောင်းရာသီပန်း”
အဆန်းတကြယ်...
ပန်းနွယ် ဝတ်ရုံ၊ ပျောင်းညွတ်ခြုံသည်
ဆွတ်ထုံ လေဝယ် သင်းသည်တကား။

❖ သြော်...
ရွှေနှယ်ဝတ်မှုန်၊ ဝင်းဖန့်ကုန်လျက်
လေဝယ် ဆွတ်ထုံ၊ သင်းပျံ့ကုန်သော
ပန်းစုံ ပွင့်ယဉ်၊ ပြင်ဦးလွင်မှာ
ရှုချင်ဖွယ်ရာ...
ရာသီပန်းမျိုး၊ ဘယ်မည်မျိုးသို့
နွေမိုးဆောင်းဟု၊ သုံးဥတုဝယ်
ပျိုနုလန်းသစ်၊ ပန်းမျိုးချစ်တို့
“စစ်တက္ကသိုလ်၊ ကျောင်းရိပ်ညိုနှင့်
တပ်မတော်နည်းပညာတက္ကသိုလ်၊ အမိပျိုဝယ်”
ကွန်းခို သန့်စင်၊ ယနေ့တွင်ကား
တိုင်းခွင် ပြည်ကျိုး၊ ဆောင်သယ်ပိုးမည့်
မျိုးချစ်ရတနာ၊ ပန်းမာလာတို့
မြမှာ ပတ္တမြား၊ စီခြယ်ထားသို့
အားမာန်တက်ကြွ၊ လှလည်းလှ၏
မြင်ရသူ့ရင်၊ အားသစ်ဆင်၏
“အစဉ် မည်သို့”
“အမြင် မရိုး”
“အသွင် မျိုးဖြင့်”
“ဘိုးဘေး အမွေအနှစ်၊ ဆက်ခံရစ်မည့်
ဖူးသစ် ပွင့်လန်း၊ ရင်နှစ်ပန်းတို့”
တင့်လျှမ်းပေစွ၊ ရှုမဝသည်
သာစွမြို့တော် ပြင်ဦးလွင်။
အလှထဲတွင် အလှဆင်။
အနာဂတ်၏ မိုးကောင်းကင်။
တင်စားဖွဲ့ဆိုလိုက်သည်ပင်။ ။

မြင်းမူမောင်နိုင်မိုး

ကျောက်ကပ်မပျက်စီးစေရန် သိထားသင့်သောအချက်များ

ဒေါက်တာလွင်သန့်

- ရသောက်နည်းခြင်းက ကျောက်ကပ်ကိုအမြန်ဆုံးဒုက္ခပေးနိုင်သောကြောင့် ရမျှားများသောက်သင့်သည်။

- သွေးတိုးရောဂါနှင့် ဆီးချိုရောဂါက ကျောက်ကပ်ပျက်စီးမှုဖြစ်နိုင်သောအကြောင်းရင်းများဖြစ်သောကြောင့် သတိပြုသင့်သည်။

- အကိုက်အခဲပျောက်ဆေးများကို အလွန်အကျွံသုံးစွဲခြင်းက ကျောက်ကပ်ကို ဖြည်းဖြည်းချင်းအဆိပ်ဖြစ်စေသည့်အတွက် ရှောင်ကြဉ်သင့်သည်။

ကျောက်ကပ်သည် ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများကို စစ်ထုတ်ပေးပြီး သွေးပေါင်ချိန်၊ ပိုတက်ဆီယမ်နှင့် pH အဆင့်များကိုထိန်းညှိပေးသည့် အရေးကြီးသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျောက်ကပ်မပျက်စီးစေရန် အောက်ပါအချက်များကို သိထားသင့်သည်။

ရေလုံလောက်စွာသောက်သင့်

ပုံမှန်လူတစ်ယောက်အနေဖြင့် တစ်ရက်လျှင် ရေ(၈-၁၀)ဖန်ခွက်၊ သောက်ရေသန့် (၂-၃)လီတာသောက်ပေးခြင်းဖြင့် ကျောက်ကပ်ကို ကျန်းမာစေသည်။

အငန်လျှော့စားသင့်

အငန်များများစားခြင်းက သွေးဖိအားတက်စေပြီး ကျောက်ကပ်ကိုထိခိုက်စေနိုင်သည်။

ဆီးချိုနှင့်သွေးတိုးထိန်းချုပ်သင့်

ကျောက်ကပ်ကို အများဆုံးထိခိုက်စေသည့်အကြောင်းရင်းမှာ ဆီးချိုနှင့်သွေးတိုးရောဂါဖြစ်သည်။ ထို့ကြောင့် ကျောက်ကပ်မပျက်စီးရန် ဆီးချိုနှင့်သွေးတိုးကို ထိန်းသင့်သည်။

ဆေးဝါးများသတိပြုသင့်

အကိုက်အခဲပျောက်ဆေးများကို ရေရှည်စွဲသောက်ခြင်းသည် ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။

ကျန်းမာရေးပုံမှန်စစ်ဆေးသင့်

ကျောက်ကပ်ရောဂါ မျိုးရိုးရှိသူများနှင့် အသက်အရွယ်ကြီးသူများအနေဖြင့် ကျောက်ကပ်လုပ်ဆောင်ချက်ကို ပုံမှန်စစ်ဆေးသင့်သည်။

အဝလွန်ခြင်း၊ ဆေးလိပ်နှင့် အရက်အလွန်အကျွံသောက်သုံးခြင်းဖြင့် ကျောက်ကပ်ပျက်စီးစေနိုင်သည်။ ကျောက်ကပ်ကောင်းမွန်စွာ အလုပ်မလုပ်ပါက ခန္ဓာကိုယ်တွင်းအဆိပ်အတောက်များ စုပုံလာနိုင်သဖြင့် အောက်ပါအချက်များကို သတိပြုသင့်သည်။

- ရေသောက်နည်းခြင်းက ကျောက်ကပ်ကို အမြန်ဆုံးဒုက္ခပေးနိုင်သောကြောင့် ရေများများသောက်သင့်သည်။

- သွေးတိုးရောဂါနှင့် ဆီးချိုရောဂါက ကျောက်ကပ်ပျက်စီးမှု ဖြစ်နိုင်သော အကြောင်းရင်းများဖြစ်သောကြောင့် သတိပြုသင့်သည်။

- အကိုက်အခဲ ပျောက်ဆေးများကို အလွန်အကျွံသုံးစွဲခြင်းက ကျောက်ကပ်ကို ဖြည်းဖြည်းချင်းအဆိပ်ဖြစ်စေသည့် အတွက် ရှောင်ကြဉ်သင့်သည်။

- ဆီးအမြဲပ်ထခြင်း၊ ခြေထောက်ဖောရောင်ခြင်း သို့မဟုတ် ပင်ပန်းနွမ်းနယ်နေခြင်းမှာ စောစောသတိပေးသောလက္ခဏာများဖြစ်သည်။

- အင်န်(ဆား)စားသုံးမှု များလွန်း၍ ကျောက်ကပ်အလုပ်ဒဏ်ပိနိုင်သည်။

- ဆီးသွားချင်သည်ကို အောင့်ထား၍ အချိန်ကြာမြင့်သောအခါ ကျောက်ကပ်လုပ်ငန်းအားနည်းနိုင်သည်။

- တိုင်းရင်းဆေး သို့မဟုတ် တချို့ဆေးဝါးများကို အသုံးပြုနည်းမမှန်ကန်သောကြောင့် ကျောက်ကပ်ပျက်စီးနိုင်သည်။

- ဆီးစစ်ခြင်းနှင့် ခရီတီနင်းကိုပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်းဖြင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှုကို စောစီးစွာကာကွယ်နိုင်သည်။

ကျောက်ကပ်၏တာဝန်

ကျောက်ကပ်က အရွယ်အစားသေးငယ်သော်လည်း ခန္ဓာကိုယ်၏အရေးပါသော လုပ်ငန်းဆောင်တာအများစုကို တာဝန်ယူထားသည်။ ကျောက်ကပ်က စားသုံးလိုက်သော အစားအစာများထဲမှ ပါဝင်သောအဆိပ်အတောက်နှင့် အကျိုးမပြုသည့်ပစ္စည်းများကို စွန့်ထုတ်ပေးသည်။

သွေးပေါင်ချိန်ထိန်းညှိရန်လိုအပ်သော ဟော်မုန်းကိုထုတ်ပေးသည်။ ကိုယ်တွင်းအရည်ဓာတ်ကိုထိန်းညှိပေးသည်။ ဆီးသွားစေသည်။ ထို့ပြင် တခြားသော ခန္ဓာကိုယ်အတွက် အရေးပါသောလုပ်ငန်းဆောင်တာများကိုလည်း လုပ်ဆောင်ပေးသည်။

ကျောက်ကပ်ထိခိုက်စေနိုင်သောအချက်များ

ကျောက်ကပ်ထိခိုက်စေနိုင်သောအချက်များစွာရှိသည်။ ကျောက်ကပ်ကို အများဆုံးထိခိုက်စေသည့် အကြောင်းရင်းမှာ ဆီးချိုရောဂါနှင့်သွေးတိုးရောဂါဖြစ်သည်။ မျိုးရိုးလိုက်ခြင်း၊ အမျိုးသား၊ အမျိုးသမီးကွာခြားခြင်း၊ အသက်အရွယ်ကြောင့်လည်း ကျောက်ကပ်ထိခိုက်နိုင်သည်။

သွေးချိုကို သေချာမထိန်းခြင်း၊ သွေးတိုးကိုသေချာထိန်းညှိမှုမရှိခြင်းတို့ကြောင့် ကျောက်ကပ်အတွင်း သွေးကြောများ ထိခိုက်လာပြီး ကျောက်ကပ်ပျက်စီးနိုင်သည်။ ကျောက်ကပ်က ကောင်းစွာအလုပ်မလုပ်နိုင်တော့သည့်အခါ သွေးအတွင်း အနည်အနှစ်များလာပြီး ခန္ဓာကိုယ်တွင် ရောဂါများဝင်လာနိုင်သည်။

ကျောက်ကပ်ကျန်းမာနေစေရန် အဓိကလိုက်နာရမည့်အချက်များ

နေ့စဉ်စားသုံးသည့်အစားအစာများက ကျောက်ကပ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိသည်။ ကျောက်ကပ်ကျန်းမာနေစေရန် အောက်ပါအချက်များကိုသတိပြုဆင်ခြင်သင့်သည်။

အငန်လျှော့စားသင့်သည်။ အငန်ဓာတ်က ကျောက်ကပ်ပျက်စီးရခြင်း၏အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်။ အငန်စားသုံးမှုများခြင်းက ကျောက်ကပ်ကို ထိခိုက်စေနိုင်သည်။ ကျောက်ကပ်ထိခိုက်သွားသောအခါ ကိုယ်တွင်းဆိုဒီယမ်များ မစစ်ထုတ်နိုင်တော့ဘဲ သွေးတိုးရောဂါထပ်ဝင်လာနိုင်သည်။

ပိုတက်ဆီယမ်က ခန္ဓာကိုယ်အတွက် အရေးပါသောဓာတ်တစ်ခုဖြစ်သည်။ သို့သော် ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် ပိုတက်ဆီယမ်ကို အကန့်အသတ်သာလိုအပ်သည်။ ထို့ကြောင့် တစ်နေ့တာကို ပိုတက်ဆီယမ် ၂၀၀၀ မီလီဂရမ်သာ စားသုံးသင့်သည်။ ပိုတက်ဆီယမ်ကြွယ်ဝသော အစားအစာမှာ ဖီးကြမ်းငှက်ပျောသီးဖြစ်သည်။

ကျောက်ကပ် ထိခိုက်ထားသူသည် ကိုယ်တွင်းပို့လျှံနေသော ဖော့စဖရပ်များကိုမစစ်ထုတ်နိုင်တော့ပါ။ ဖော့စဖရပ်ဓာတ်ကလည်း နေ့စဉ်စားသုံးသည့်အစားအစာများထဲ၌ပါဝင်သော ဓာတ်တစ်ခုဖြစ်သည်။ ဖော့စဖရပ်များပြားမှုက ခန္ဓာကိုယ်ကိုထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဖော့စဖရပ်ကိုလည်း တတ်နိုင်သမျှလျှော့သင့်သည်။

ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် နောက်ထပ် သတိထားရမည့်အချက်မှာ ပရိတင်းများစွာမစားမိစေရန်နှင့် ကယ်လ်စီယမ်ကိုလျှော့စားသင့်သည်။ ကျောက်ကပ်ရောဂါရှိသူများ စားသုံးသင့်သော အစားအစာများစွာရှိသည်။

ပန်းဂေါ်ဖီတွင် ဗီတာမင်- C၊ ဗီတာမင်- K၊ ဗီတာမင်- E တို့အပါအဝင် အာဟာရဓာတ်များစွာပါဝင်နေသည်။ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သကဲ့သို့ ရောင်ရမ်းမှုကိုလျော့ပါးစေနိုင်သည့် ဒြပ်ပေါင်းများလည်းပါဝင်သည့်အတွက် စားသင့်သည်။

စပျစ်သီးက အရသာရှိရုံသာမက အာဟာရလည်းကြွယ်ဝသည်။ ဗီတာမင်- C နှင့်ရောင်ရမ်းမှုကို သက်သာစေနိုင်သော ဖလေဗိုနွိုက်ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သည်။ နှလုံးကျန်းမာစေနိုင်သကဲ့သို့ ဆီးချိုရောဂါကာကွယ်ပေးပြီး တည်ငြိမ်မှုစွမ်းရည်ကျဆင်းခြင်းကို ကာကွယ်ပေးနိုင်သည့်အတွက် စားသင့်သည်။

ကြက်ဥအနှစ်က အာဟာရဓာတ်ကြွယ်ဝသော်လည်း ဖော့စဖရပ်ပါဝင်မှုများသောကြောင့် ကျောက်ကပ်ရောဂါရှိသူများအတွက် ကြက်ဥအကာက အကောင်းဆုံးဖြစ်သည်။ ပရိတင်းဓာတ်ရနိုင်သော်လည်း ကျောက်ကပ်ကို မထိခိုက်စေနိုင်သော အဆာပြေစားစရာတစ်ခုအဖြစ် စားနိုင်သည်။

ကြက်သွန်ဖြူက ဟင်းလျာများနှင့် အရသာကိုပိုကောင်းနိုင်သည်။ အာဟာရကြွယ်ဝသကဲ့သို့ မဂ္ဂနီဆီယမ်၊ ဗီတာမင်- C နှင့် ဗီတာမင်- B6 တို့ပါဝင်နေပြီး နာကျင်ရောင်ရမ်းမှုကို လျော့ကျစေနိုင်သော ဆာလဖာဒြပ်ပေါင်းပါဝင်နေသည်။ ကျောက်ကပ်ကောင်းလိုလျှင် တစ်ရက်ကို အနည်းဆုံး ကြက်သွန်ဖြူသုံးမြွှာခန့် စားသင့်သည်။

ဂေါ်ဖီထုပ်တွင် မိတာမင်- K၊ ဗီတာမင်- C နှင့် ဗီတာမင်- B တို့အများအပြားပါဝင်နေသည်။ အမျှင်ဓာတ်ကြွယ်ဝမှုက အစာခြေစနစ်ကိုကျန်းမာစေသကဲ့သို့ ဝမ်းမှန်စေနိုင်သည်။ ပိုတက်ဆီယမ်၊ ဖော့စဖရပ်နှင့် ဆိုဒီယမ်ပါဝင်မှုနည်းသောကြောင့် ကျောက်ကပ်ရောဂါရှိသူများအတွက် သင့်လျော်သော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။

ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် ပရိတင်းလျှော့စားရမည်ဆိုသော်လည်း ခန္ဓာကိုယ်ကျန်းမာရန်လိုအပ်သောပရိတင်းဓာတ်ကိုပြည့်ဝစွာစားသင့်သည်။ ထို့ကြောင့် ကျောက်ကပ်သမားများရှောင်ရမည့် ပိုတက်ဆီယမ်၊ ဆိုဒီယမ်ပါဝင်မှုနည်းသည့်အရေခွံမပါသောကြက်ရင်ပုံသားကို စားသုံးပေးသင့်သည်။

ငရုတ်ပွသည် အာဟာရကြွယ်ဝသော်လည်း တခြားဟင်းသီးဟင်းရွက်နှင့်မတူဘဲ ပိုတက်ဆီယမ်ပါဝင်မှုနည်းသည်။ ငရုတ်ပွအရောင်တောက်တောက်က ဗီတာမင်- K၊ ဗီတာမင်- C ကြွယ်ဝစွာပါဝင်ပြီး ကျောက်ကပ်ရောဂါရှိသူများစားသုံးပေးသင့်သည့် အစားအစာဖြစ်သည်။

ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် အနီရောင်အသား၊ ဘဲသား၊ ငါးခြောက်၊ နို့ထွက်ပစ္စည်း၊ ငါးပိ၊ ပဲအမျိုးမျိုး၊ ဆီသွတ်ဘူး၊ သစ်သီးခြောက်၊ အာလူး၊ ခရမ်းချဉ်သီး၊ ကြက်ဥအနှစ်၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ အချိုရည်၊ အရက်၊ ဆေးလိပ်၊ ဆော်ဒါနှင့် ပေါင်မုန့်တို့စားသုံးခြင်းမှ ရှောင်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ချမ်းမြသာစည်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ



မန္တလေး မေ ၂၃

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်း၏တန်ဖိုးကို သိရှိနားလည်စေရန် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို မေလ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်က စာဖတ်ခြင်းဖြင့် ဦးနှောက်စွမ်းရည်ကိုတက်ကြွစေပြီး စဉ်းစားဆင်ခြင်ဉာဏ်ကိုရင့်သန်စေကြောင်း၊ သုတ၊ ရသစာပေများဖတ်ရှုခြင်းဖြင့် နေ့စဉ်ဘဝ၏စိတ်ပင်ပန်းမှုများကိုပြေပျောက်စေနိုင်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့်အခြေခံပန်းချီရေးဆွဲခြင်းပြိုင်ပွဲများကိုကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားခိုင်းစေမှုလျော့နည်းပပျောက်ရေးအသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အလင်းသစ်(ချမ်း/စည်)

အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဖွင့်လှစ်

လှိုင်းဘွဲ့ မေ ၂၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းများ၌ သင်ကြားမည့် အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊စိုက်ပျိုး၊မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့်သင်တန်းကို မေလ ၂၂ ရက် နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဖွင့်လှစ်ပို့ချပေးလျက် ရှိကြောင်း သိရသည်။



အဆိုပါသင်တန်းကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ဆရာ၊ ဆရာမ ၁၁၃ ဦးတို့ကို သင်တန်းနည်းပြ ကိုးဦးတို့က ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် သင်ကြားမည့် ဆဋ္ဌမတန်း (Grade-6) ကျောင်းသား၊ ကျောင်းသူများ အတွက် အခြေခံမွေးမြူရေးပညာရပ်များ၊ အခြေခံစိုက်ပျိုးရေးပညာရပ်များနှင့် အခြေခံ စက်မှုပညာရပ်များကို မေလ ၂၂ ရက်မှ ၂၆ ရက် အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ စောဒီ(ပြန်/ဆက်)

ဘိုကလေးမြို့နယ်၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်




ဘိုကလေး မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မိုးရာသီကာလအတွင်း ခြင်မှတစ်ဆင့် ဖြစ်ပွားတတ်သော ရောဂါများ ကင်းဝေးစေရေးအတွက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့်ကော်မတီဝင်များ၊ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မေလ ၂၃ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်း၍ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ရာတွင် ခြင်နှင့် ပိုးလောက်လမ်းများ မပေါက်ပွားစေရေးအတွက် ရေအိုးများ၊ ရေစည်များ၊ ရေသိုလှောင်ကန်များ၊ ဘုရားပန်းအိုးများမှ ရေဟောင်းများသွန်၍ လဲလှယ်ခြင်း၊ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်စစ်၍ ဖယ်ထုတ်ခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ အဖုံးဖုံးခြင်းတို့ ဆောင်ရွက်ပြီး ခြင်မပေါက်ပွားစေရေးအတွက် လုပ်ဆောင်ရမည့်နည်းလမ်းများကို တာဝန်ရှိသူများက နေအိမ်ပိုင်ရှင်များအား မှာကြားကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးလောင်မှု/မီးလန့်မှုများမဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအသိပညာပေး



မန္တလေး မေ ၂၃

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးလူငယ်သင်တန်းကျောင်းရှိ ဘက်စုံသုံးခန်းမ၌ မေလ ၂၂ ရက်မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးလောင်မှု/မီးလန့်မှုများမဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးထက်က မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ 191 Report Application အသုံးပြုစေရန် ရှင်းလင်းပြသခြင်းနှင့် ကျောင်းသားများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြသငြိမ်းသတ်ခြင်း၊ ရုံးအဆောက်အအုံနှင့် အိပ်ဆောင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးလူငယ်သင်တန်းကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် ဆရာ၊ ဆရာမများ၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၂)

ပျော်ပျော်ရွှင်ရွှင် ကျောင်းအပ်စို့

သားသားမီးမီး ချစ်စရာ
ကျောင်းအပ်ပေးကြပါ။
မိဘဆရာ အလေးထား
ပညာတတ်စေသား။

တိုင်းပြည်အင်အား များစေချင်
ပညာတတ်ဖို့ပင်။
လူတိုင်းစိတ်တွင် မြဲမှတ်သား
ပညာတန်ဖိုးထား။

ကျောင်းသူကျောင်းသား များလူငယ်
ပညာဂုဏ်တင့်တယ်။
ကမ္ဘာ့အလယ် လူငယ်များ
ရဲရင့်တက်ကြွအား။

ပညာမြင့်မား တိုးစေရာ
ကြိုးစားကြရမှာ။
လူသားကမ္ဘာ တိုးတက်ဖို့
ပညာရှာကြစို့။

မောင်တို့မယ်တို့ သွားကြမယ်
ကျောင်းအပ်ကြဖို့ကွယ်။
အသိဉာဏ်ကြွယ် နှလုံးလှ
ပညာရည်ပြည့်ဝ။

တက်တက်ကြွကြွ ဝတ်စားပြင်
လှပတဲ့အသွင်။
ခင်ခင်မင်မင် သူငယ်ချင်း
ကောင်းတဲ့သူ့စိတ်ရင်း။

မိဘရင်တွင်း ကြည်နူးပျော်
ကျောင်းဖွင့်ရာသီတော်။
ပျော်ပျော်ရွှင်ရွှင် သွားကြလို့
ကျောင်းအပ်နှံကြစို့။ ။

မောင်မောင်အေး(ဘိုကလေး)

MWD Variety Channel

၂၄-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၅၀ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၅၀ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး အခြေခံပညာကျောင်းများ၌ နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကိုကြည့်ရှုအားပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၂၃

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိဘုရား၊စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ခိုလမ်မြို့၊ နမ့်စန်မြို့၊ ကျိုင်းတောင်းမြို့၊ လွိုင်လင်မြို့၊ လင်းခေးမြို့၊ မိုင်းပန်မြို့၊လဲချားမြို့၊ မိုင်းနောင်မြို့နှင့် ကွန်ဟိန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ်(၁၀)မြို့နယ်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချို့နွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များအတွင်း အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိပါတ်တော်လာ သိမှတ်စရာ

သစ္စာစကား၏အစွမ်း (စူဠကပါနဇာတ်)



ကျူတောဌ် ရေချိုးနေသော ရဟန်းများသည် သာမဏေများအား အပ်ကျည်ပြုလုပ်ရန် ကျူရိုးများ ဆောင်ယူခိုင်းရာ ကျူရိုးအားလုံး အဆစ်မရှိဘဲ အခေါင်းပေါက်ဖြစ်နေသည်ကို တွေ့ကြရ၏။ ထူးဆန်းသော ထိုအဖြစ်အပျက်အား မြတ်စွာဘုရားထံ လျှောက်ထားကြရာ ဘုရားရှင်က သစ္စာတရား၏ အစွမ်းသတ္တိအကြောင်းကို ဟောကြားဆုံးမ၍ စူဠကပါနဇာတ်ကို ဆောင်တော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံနေစဉ် ကျူတောကြီးတစ်ခုသည် လူသူမနီး တောကြီးမျက်မည်းဖြစ်၍နေ၏။ လူသွားလူလာ ကင်းဝေးလျက်ရှိ၏။ ထိုကျူတောအတွင်းရှိ ရေကန်ကို ရေစောင့်ဘီလူး စောင့်ကြပ်နေ၏။ ထိုဘီလူးသည် ရေကန်အတွင်းသို့ ဆင်းသက်သူတိုင်းကို စားခွင့်ရှိလေသည်။

ထိုစဉ်အခါက ဘုရားလောင်းသည် အခွေအရံမျောက်ပရိသတ် ရှစ်သောင်းရှိသော မျောက်မင်းဖြစ်လေသည်။ တစ်နေ့တွင် ယခင်က မရောက်ဖူးသောတောအရပ်တစ်ခုသို့ ရောက်ရှိကြရာ ရေငတ်သဖြင့် ရေရှာကြ၏။ ထိုအခါ ကျူတောအတွင်းရှိ ရေကန်ကို တွေ့ကြရ၏။

ဘုရားလောင်းမျောက်မင်းသည် ရေကန်ကို ဂရုတစိုက် စူးစမ်းကြည့်ရှုရာ ရေကန်အတွင်းသို့ ဆင်းသောခြေရာများကိုသာ တွေ့ရှိရပြီး ပြန်တက်လာသော ခြေရာများမတွေ့ရသည်ကို ထောက်ချင့်၍ ဤရေကန်၌ ဘီလူးစောင့်ကြောင်း သိရှိလေ၏။

အချိန်ကြာမြင့်သော်လည်း မျောက်များမှာ ရေကန်အတွင်းသို့ မဆင်းကြသဖြင့် ရေစောင့်ဘီလူးမှာ မနေသာတော့ဘဲ ရေထဲမှထွက်ပေါ်လာကာ ရေဆင်းသောက်ကြရန် တိုက်တွန်းလေသည်။ မျောက်မင်းက ရေစောင့်ဘီလူး ဟုတ်၊ မဟုတ် မေးမြန်းရာ ဟုတ်မှန်ကြောင်းဝန်ခံသဖြင့် ဘုရားလောင်းက "ငါတို့အားလုံး သည်ရေကန်မှ ရေကို သောက်ကြမည်။ သို့ဖြစ်လင့်ကစား သင်သည် ငါတို့ကို စားခွင့်ရလိမ့်မည်မဟုတ်" ဟုဆိုကာ ကျူရိုးတစ်ခုကိုယူ၏။

ထို့နောက် "ရေကန်ကို ဝန်းရံ၍ပေါက်နေသော ကျူပင်အားလုံး တစ်ပေါက်တည်းဖြစ်စေသတည်း" ဟု သစ္စာပြုဓိဋ္ဌာန်လိုက်ရာ ကျူပင်အားလုံးမှာ အဆစ်များပွင့်၍ တစ်ပေါက်တည်းဖြစ်သွားလေသည်။

နောက်လိုက်နောက်ပါ မျောက်အပေါင်းတို့မှာ ထိုကျူရိုးများဖြင့် ကန်ထဲမှရေကိုစုပ်ယူ၍ သောက်ကြလေသည်။ ရေစောင့်ဘီလူးမှာ မျှော်လင့်ချက်ကုန်ဆုံး၍ စိတ်နှလုံးမသာမယာဖြင့် သူ့နေရာသို့ ပြန်သွားရတော့သည်။

ဇာတ်ပေါင်းသော်ရေကန်စောင့်ဘီလူးမှာ ဒေဝဒတ်၊ အခွေအရံမျောက်များမှာ ဗုဒ္ဓ၏ပရိသတ်၊ မျောက်မင်းကား ဗုဒ္ဓဖြစ်လေသည်။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် သစ္စာတရား၏ စွမ်းအားမှာ ကြီးမားလှသဖြင့် ဆိုခဲစေမြဲစေဆိုသကဲ့သို့ မိမိတို့၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးအား မှန်ကန်သောအခြင်းအရာတို့၌ ခိုင်မာတည်ကြည်စွာ ပြုမူနေထိုင်ကြရမည်ဖြစ်ပါသည်။ ။

သုတကြွယ်

လူငယ်ဖတ်စာ

လူပျင်းထမင်းတော်

တူ၊ တူမလေးတို့ရေ...

ပျင်းရင်ထမင်းမစားရဘူးလို့ ကျီစယ်ထားတဲ့ ကျေးလက်တေးတစ်ပုဒ်ရှိတယ်။ ကျေးလက်တေးရဲ့အမည်က "မောင်မလုပ်နဲ့" တဲ့။ တောင်ရိုးဓနုကျေးလက်တေးတစ်ပုဒ်ဖြစ်ပါတယ်။ ရေးဖွဲ့တဲ့သူရဲ့ အမည်ကိုတော့ မသိရပါဘူး။ အမျိုးသားငယ်တစ်ဦးနဲ့ အမျိုးသမီးငယ်တစ်ဦးဖြစ်တဲ့ မောင်နဲ့မယ်တို့ရဲ့ အပြန်အလှန်ပြောဆိုတဲ့ဟန်ကို ရေးသားထားတာပါ။

"မောင်မလုပ်နဲ့" ဆိုတဲ့ တောင်ရိုးဓနုကျေးလက်တေးကတော့-

"မောင် ။ ။ စပါးထောင်းကူ လူလိုဝူးရော။
မယ် ။ ။ မောင်မထောင်းနဲ့။ ခါးညောင်းတတ်လယ်။ မယ်ထောင်းမယ်။ စပါးပလာလည်း မောင်မပလာနဲ့။ ခါးနာတတ်လယ်။ မယ်ပလာမယ်။ လက်ဝါးနုသွေးဥတတ်လယ်။ ထမန်းစားလည်းမောင်မစားနဲ့။ အံယားတတ်လယ်။ မယ်စားမယ်"တဲ့။

တိုင်းရင်းသားတေးကဗျာဆိုတော့ အသံကဝဲတာပေါ့။ ဝဲတဲ့ အသံတွေကို ပညာရှင်တွေက "(နဲ့)ကိုတော့(နဲ့၊နှင့်)၊ (လူလိုဝူးရော) ကိုတော့ (လူမလိုဘူးလား)၊ (လယ်)ကိုတော့(တယ်)၊ (ပလာ)ကိုတော့ (ပြာ)၊ (ပြာ)ဆိုတာက ဆန်ကောနဲ့စပါးပြာတာကို ပြောတာပါ၊ (ထမန်း)ကိုတော့ (ထမင်း)၊ (အံယားတတ်လယ်)ကိုတော့ (ပါးစပ်ယားတတ်တယ်)"လို့ ခက်ဆစ်အဓိပ္ပာယ်ပြန်ပေးထားပါတယ်။

"မောင်မလုပ်နဲ့(မောင်မလုပ်နဲ့)"ကျေးလက်တေးကိုဖတ်ကြည့်တော့ အမျိုးသားငယ်ရဲ့ ပုံပန်းနဲ့ အမျိုးသမီးငယ်ရဲ့ပုံပန်းက အထင်းသားပေါ်လာပါတယ်။ အမျိုးသားငယ်က အမျိုးသမီးငယ်ကို အရောဝင်ချင်ပုံရတယ်။

ဒါကြောင့် "စပါးထောင်းကူ လူလိုဝူးရော (စပါးထောင်းတာကူဖို့ လူမလိုဘူးလား)"လို့ မျက်နှာချိုသွေးပြီး မေးလိုက်တာပါ။ အမျိုးသမီးငယ်က ကြင်နာတတ်တဲ့သူပါ။ အမျိုးသားငယ်ကို ခါးခါးသီးသီးမပြောပါဘူး။ "မောင်မလုပ်နဲ့ (မောင်မလုပ်နဲ့)" လို့ပဲ ပြောပါတယ်။ အမျိုးသမီးငယ်ရဲ့ ကြင်နာတတ်တဲ့စိတ်ထားပေါ်လွင်နေပါတယ်။ နောက်ပြီးတော့ အမျိုးသမီးငယ်က အမျိုးသားငယ်ကို ရင်းရင်းနှီးနှီး ကျီစယ်ချင်ပုံလည်း ရပါတယ်။

ဒီတော့ မျက်နှာချိုသွေးပြီး အရောဝင်လာတဲ့ အမျိုးသားငယ်ကို "မောင်မထောင်းနဲ့ (မောင်မထောင်းပါနဲ့)၊ ခါးညောင်းတတ်လယ်၊ မယ်ထောင်းမယ်၊ (ခါးညောင်းတတ်တယ်၊ မယ်ထောင်းမယ်)၊ စပါးပလာလည်း၊ မောင်မပလာနဲ့၊ ခါးနာတတ်လယ်၊ မယ်ပလာမယ်၊ လက်ဝါးနုသွေးဥတတ်လယ်၊ (စပါးပြာလည်း၊ မောင်မပြာနဲ့၊ ခါးနာတတ်တယ်၊ မယ်ပြာမယ်၊ လက်ဝါးနုသွေးဥတတ်တယ်)" လို့ အမျိုးသမီးငယ်က ကြင်နာစိတ်နဲ့ပြောလိုက်တာပါ။

တစ်ဆက်တည်းမှာပဲ အမျိုးသမီးငယ်က အမျိုးသားငယ်ကို တရင်းတနှီး ကျီစယ်ပြန်ပါတယ်။ ထမန်းစားလည်း၊ မောင်မစားနဲ့၊ အံယားတတ်လယ်၊ မယ်စားမယ်၊ (ထမင်းစားလည်း၊ မောင်မစားနဲ့၊ ပါးစပ်ယားတတ်တယ်၊ မယ်စားမယ်)"လို့ ပြောလိုက်ပါလေရော။ အလုပ်မလုပ်ရင် ထမင်းမရှိဘူး။ ထမင်းမစားရဘူး။ အလုပ်လုပ်မှ ထမင်းရှိမယ်။ ထမင်းစားရမယ်လို့ သွယ်ဝိုက်ပြီးပြောလိုက်တာပါပဲ။

မြန်မာဆိုရိုးစကားမှာလည်း "လူပျင်းထမင်းတော်"လို့ ပြောကြတယ်။ ပျင်းတဲ့သူက အလုပ်မလုပ်ချင်ပါဘူး။ အလုပ်လုပ်ဖို့ဆို ငြင်းဆန်တယ်။ အမျိုးမျိုးအကြောင်းပြပြီး အလုပ်မလုပ်ဘူး။ ဆင်ခြေပေးပြီး ပေကတ်ကတ်နဲ့ ရှောင်ဖယ်ရှောင်ဖယ်နေတတ်တယ်။ အလုပ်မလုပ်ဘဲ ရေသာခိုနေတာပေါ့။ လက်ကြော မတင်း အပျင်းထူတဲ့ လူစားမျိုးပါပဲ။

ပျင်းတဲ့သူက အလုပ်ရွေးတယ်။ အလုပ်ရွေးတော့ အလုပ်မရှိဘူး။ အလုပ်ရှိလည်း မလုပ်ပါဘူး။ အလုပ်မလုပ်တော့ ဝင်ငွေမရှိပါဘူး။ အလုပ်လုပ်မှ လုပ်အားနဲ့ညီမျှတဲ့ လုပ်အားခရမှာပါ။ ရတဲ့လုပ်အားခက ဝင်ငွေပါပဲ။ ဝင်ငွေရှိမှ စားဝတ်နေရေးအဆင်ပြေမှာပါ။ ဒီတော့ ဝင်ငွေရအောင် အလုပ်လုပ်ကြရမယ်။ အလုပ်မလုပ်ဘဲ ပျင်းနေရင် ဝင်ငွေမရှိဘူး။ ဝင်ငွေမရှိရင် စားဝတ်နေရေး အဆင်မပြေတော့ပါဘူး။ ဆင်းရဲကျပ်တည်းလာမယ်။ စားရမဲ့သောက်ရမဲ့ဖြစ်လာမယ်။ နောက်တော့ ထမင်းမစားရဘဲ ထမင်းငတ်တဲ့ဘဝဆိုးနဲ့ကြုံရမယ်။ ဒါကြောင့်လည်း ရှေးလူကြီးသူမတွေက "လူပျင်း ထမင်းငတ်"လို့ ဆိုထုံးပြုခဲ့ကြတာပေါ့။

တူ၊ တူမလေးတို့ရေ...

ပျင်းတာက မကောင်းပါဘူး။ ပျင်းတော့ အလုပ်မလုပ်ဘူး။ အလုပ်မလုပ်တော့ လုပ်ငန်းမကျွမ်းကျင်ဘူး။ လုပ်ငန်းမကျွမ်းကျင်တဲ့သူက လုပ်ငန်းခွင်မှာ အသုံးမတည့်ပါဘူး။ အသုံးမတည့်တော့ အရာမဝင်ပါဘူး။ အသုံးမတည့်၊ အရာမဝင်ဖြစ်ရတာက ကိုယ်စွမ်းကိုယ်စမရှိလို့ပါပဲ။ ကိုယ်စွမ်းကိုယ်စမရှိတော့ "ဓားမနောက်ပိတ်ခွေး"လူဖြစ်သွားတာပေါ့။

"ဓားမနောက်ပိတ်ခွေး" လူဆိုတာက အညံ့ဆုံး၊ အဖျင်းဆုံးလူပါပဲ။ အညံ့ဆုံး၊ အဖျင်းဆုံးလူဖြစ်ရတာက ပျင်းလို့ပါ။ ပျင်းရာကနေ ဖျင်းသွားတာပါ။ လူပျင်းကနေ လူဖျင်းဖြစ်သွားတာပါပဲ။ "ဓားမနောက်ပိတ်ခွေး" လို လူညံ့လူဖျင်းဖြစ်ချင်ရင်တော့ ပျင်းပေါ့။ မဖြစ်ချင်ရင်တော့ မပျင်းရဘူး။ ပျင်းရင်တော့ ဖျင်းမှာပဲ။ ပျင်းတဲ့အထဲ၊ ဖျင်းတဲ့အထဲမှာ မပါအောင် ကြိုးစားအားထုတ်ကြရအောင်နော်။ ။

မောင်ကျော်(ပညာရေး)

အရသာစစ်တမ်း



ဖိုးစလုံး ဟင်းချက်နေတုန်းမှာပဲ ခေါင်းရင်းအိမ်က ဘဒွေးငြိမ်းရောက်လာပြီး...

"ဘာဟင်းတွေချက်နေတာတုံး မောင်စရ၊ အနံ့ကတော့ မွှေးနေတာပဲဟေ့"

"ဟာ...အတော်ပဲ ဘဒွေး၊ မှိုဟင်းလေးချက်နေတာ၊ အစပ်အဟပ်တည့်မတည့် မြည်းပေးသွားစမ်းပါဦးဗျာ၊ ကျုပ်က ခုတလောပါးစပ်ပျက်နေလို့"

"ဟောဗျာ၊ ငါကလည်း ခုပဲ ကွမ်းတွေဝါးနေတာကွ"

"ဒါဆိုလည်း နားထဲပဲ တစ်ဇွန်းလောက်လောင်းထည့်ပြီး မြည်းကြည့်ပေးဗျာ"

"ဟာ...အရူးရ၊ နားက ဘယ်လိုအရသာသိမတုံးဟ"

"သိလို့ပဲ တလောက ဘဒွေးကိုယ်တိုင် နားနဲ့အရသာခံပြီးတောင် ပြောဖူးသေးတယ်လေ"

"ဟေ... ငါက ဘယ်လိုပြောခဲ့လို့တုံး"

"မေသက်ထားဆွေရဲ့အသံလေးဖြင့် ဘယ်အချိန်ကြားရကြားရ နားထဲကို ချိုနေတာပဲတဲ့၊ အိမ်ကဟာမကြီး အသံကတော့လားကြက်ဟင်းခါးရွက်ပြုတ်ရည်လောင်းထည့်လိုက်သလို နားထဲတော်တော်နဲ့ကို အခါးမပျောက်ဘူးပေ့ာတဲ့"။ ။

ဖိုးစလုံး

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သန်လျင်ခရိုင်အတွင်းရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တွေ့ဆုံ



နေပြည်တော် မေ ၂၃

သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည်ယနေ့မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိသမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ သွားရောက်ပြီး တက္ကသိုလ်မှဝန်ထမ်းများ၊ သန်လျင်ခရိုင်အတွင်းမှ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆရာ၊ ဆရာမများအနေဖြင့် စွမ်းရည်ရှိပြီး တက္ကသိုလ်၏မျှော်မှန်းချက်အတိုင်း ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ်တတ်မြောက်ရေး သင်ကြားပေးရန်လိုအပ်ကြောင်း၊ သမဝါယမစနစ်၊ လူမှုစီးပွားဖွံ့ဖြိုးရေး၊ကျေးလက်ဖွံ့ဖြိုးရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ကျောင်းသား၊ ကျောင်းသူများသိရှိစေရေး သင်ကြားပေးရန်နှင့်ပြန်လည်အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ စနစ်ကျသည့်စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများဖြစ်စေရေးနှင့် သမဝါယမစနစ်ဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအောင်မြင်ရေး၊ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)များ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)ဝင်းအတွင်းရှိ တက္ကသိုလ်အဝင်မုခ်ဦးနှင့် အဓိပတိလမ်း၊ တက္ကသိုလ်စာကြည့်တိုက်၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများနှင့်အားကစားရုံတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂၃

ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက နိုင်ငံတော်သမ္မတရုံးသည် မတ်လ ၂၂ ရက် ရက်စွဲဖြင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဥက္ကဋ္ဌအဖြစ် ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်ကိုယ်စားလှယ်စုစုပေါင်း ၂၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ချင်းပြည်နယ်အတွင်း တွန်း၏ ဖလမ်းနှင့်တီးတိန်မြို့နယ်များ ပြန်လည်ထူထောင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရန်နှင့်လိုအပ်ပါက လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက်တက်ရောက်လာသည့်ဌာနဆိုင်ရာကိုယ်စားလှယ်များက ချင်းပြည်နယ်အတွင်းရှိ မိမိတို့ဌာနများနှင့်ကြိုတင်ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဌာနအလိုက်ဆောင်ရွက်မည့်အခြေအနေကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

အမျိုးသားပြတိုက်(ရန်ကုန်)သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရွေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(ရန်ကုန်)သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် Digital Museum အဆင့်မြှင့်တင်နိုင်ခြင်း ဆောင်ရွက်နေပြီဖြစ်၍ အမြန်ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်သွားရန်၊ အများပြည်သူများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးလေးစားတန်ဖိုးထားစိတ်များဖြစ်ပေါ်လာစေရန်နှင့် မျိုးချစ်စိတ်ရှင်သန်ထက်သန်လာစေရေးအသိပညာပေးလှုံ့ဆော်မှုများပြုလုပ်ပေးရာတွင် ဆိုရှယ်မီဒီယာများမှတစ်ဆင့်လည်း အသိပညာပေးမှုများ ဆောင်ရွက်သွားကြရန်မှာကြား



သည်။

ထို့နောက်အမျိုးသားပြတိုက်(ရန်ကုန်) မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့အကျင့်ရာနှင့်လက်ရေးမူပြခန်းနှင့် ပထမထပ်ရှိမင်းခမ်းတော်ပစ္စည်းများပြခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာ့မြေပေါ်တွင် မိမိတို့ဘိုးဘွားများ စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် သမိုင်းအမှန်ကို ကြည့်ရှုသူများနားလည်သိမြင်အောင် ရှင်းလင်းချက်များ၊ ပြကွက်များဖြင့် ပြသသွားရန်လိုကြောင်း၊ လူငယ်များပြတိုက်ကြည့်ရှုလိုစိတ်ရှိစေရန် ဖိတ်ခေါ်ခြင်း၊ ရှင်းလင်းပြသခြင်းများ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

၂၃-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နေပြည်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မေ ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ်ပြည်စံအောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများစုပေါင်း၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုနှင့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်လက်ခံနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

ထို့နောက် သန့်ရှင်းရေးလာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူတို့ကို ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်သို့သွားရောက်ပြီး ဥစားကြက်မွေးမြူရေးအတွက် လျာထားမြေနေရာဆောင်ရွက်ထားရှိမှု၊ မွေးမြူရေးဇုန်ရှိ ဒေသဆိတ် (ထိန်စမ်း) မွေးမြူရေးခြံ၊ တပ်ကုန်းမြို့နယ် အမှတ်(၁)ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ နို့အေးနှင့် ဒိန်ချဉ်စက်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

သစ်လွင်သောခြေလှမ်းများနှင့် ကျောင်းဖွင့်ရာသီ၏ဂုဏ်ကျက်သရေ

ဇော်ထွန်းအောင်(ပညာရေး)

မြန်မာနိုင်ငံ၏ပညာရေးရေစီးကြောင်းတွင် မေလတတိယပတ်သည် သာမန်ရက်သတ္တပတ်မျှမဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများအားလုံးအတွက် "ကျောင်းအပ်နှံရေး ရက်သတ္တပတ်"ဟူသောမွန်မြတ်သည့်ပြင်ဆင်မှုဖြင့်စတင်လိုက်ပြီဖြစ်သည်။ ဤရက်သတ္တပတ်သည် ဇွန်လ ၁ ရက်နေ့တွင် တစ်ပြိုင်နက်တည်းဖွင့်လှစ်မည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်သစ်အတွက်အောင်စည်ဗုံမောင်းတီး၍ ကြိုဆိုလိုက်သော "ပညာရေးနိုးကြားမှု ကနဦးခြေလှမ်း"ပင်ဖြစ်သည်။

သန့်ရှင်းလတ်ဆတ်သောကျောင်းတော်၏ ရနံ့၊ အသစ်စက်စက် ကျောင်းစိမ်းဝတ်စုံများနှင့် စာအုပ်နံ့သင်းပျံ့သော လွယ်အိတ်လေးများကိုယ်စီဖြင့် ရင်သွေးငယ်များ၏မျက်ဝန်းထဲတွင် အနာဂတ်မျှော်လင့်ချက်များတောက်ပလျက်ရှိသည်။ ဤအချိန်အခါသည် ဆရာကြီးတင်မိုး၏မရိုးနိုင်သော **"မနီကလေး"**ကဗျာသံစဉ်နှင့်အတူ မိဘပြည်သူတစ်ရပ်လုံးက မိမိတို့၏ရင်သွေးငယ်များကို **"ကျောင်းအပ်နှံရေး ရက်သတ္တပတ်"**အတွင်း အချိန်မီကျောင်းအပ်နှံပြီး အသိပညာအလင်းအိမ်သို့ လက်တွဲခေါ်ဆောင်သွားရမည့်အရေးကြီးဆုံးသောအချိန်ကာလဖြစ်သည်။

ကျောင်းခေါင်းလောင်းသံသည် အဝိဇ္ဇာအမှောင်ထုကိုမောင်းထုတ်မည့် အောင်စည်သံဖြစ်သည်နှင့်အညီ ကျောင်းနေအရွယ်ကလေးတိုင်း တစ်ဦးတစ်ယောက်မျှမကျန်ရစ်စေဘဲ ဇွန်လ ၁ ရက်နေ့တွင် ကျောင်းတော်သို့အရောက်လှမ်းကြရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ ပညာရေးသည်သာလျှင် ကျွန်ုပ်တို့၏လူငယ်မောင်မယ်များကို **"လိမ္မာယဉ်ကျေးသော လူတော်လူကောင်းများ"**အဖြစ် ထုဆစ်ပုံဖော်ပေးနိုင်မည့်တစ်ခုတည်းသော ရွေအိုးကြီးဖြစ်သဖြင့် ဤကျောင်းဖွင့်ရာသီသစ်တွင် မနီကလေးတို့နှင့်အတူ အနာဂတ်လှပရေးအတွက် တက်ကြွစွာချီတက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရိုးရှင်းမှုအတွင်းမှ နက်နဲသောအနှစ်သာရနှင့်လူမှုတန်ဖိုး

"မနီကလေး"ကဗျာသည် မြန်မာ့ပညာရေးသမိုင်းတွင် ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင် ရင်သွေးငယ်များ၏ရင်ထဲ၌ စွဲထင်နေဆဲဖြစ်သော **"ပညာရေးနိဒါန်း"**ပင်ဖြစ်သည်။ ဤကဗျာတွင် အလွန်နက်နဲသော လူမှုရေးနှင့်ပညာရေးအတွေးအခေါ်များကိန်းအောင်းလျက်ရှိသည်။

"မနီကလေး ဘယ်ကလာ – အိမ်ကထွက်လို့လာ"
"မနီကလေးဘယ်ကိုသွား – စာသင်ကျောင်းကိုသွား"
"စာသင်ကျောင်းက ဘာတွေသင် – စာရေးစာဖတ်သင်"
"စာရေးစာဖတ် ဘာလုပ်ဖို့ – မနီလိမ္မာဖို့။"

အနက်အဓိပ္ပာယ်ကို နက်ရှိုင်းစွာခံစားခြင်း

ဤကဗျာ၏အဓိကသော့ချက်မှာ **"မနီလိမ္မာဖို့"** ဟူသော အဝိတ်စကားလုံးပင်ဖြစ်သည်။ ဆရာကြီးသည် "ပညာတတ်ဖို့"သို့မဟုတ် "စာမေးပွဲအောင်ဖို့" ဟူသောရုပ်ဝတ္ထုဆန်သည့် ရည်မှန်းချက်များကို မသုံးဘဲ **"လိမ္မာခြင်း"**ကိုအလေးပေးခဲ့သည်။ လိမ္မာခြင်းဆိုသည်မှာ အမှားနှင့်အမှန်၊ အကြောင်းနှင့်အကျိုးကို ဝေဖန်ပိုင်းခြားနိုင်သော **"အသိပညာ"**နှင့် အကျင့်စာရိတ္တမွန်မြတ်သော **"ကိုယ်ကျင့်တရား"**တို့၏ပေါင်းစပ်မှုပင်ဖြစ်သည်။ Five Competencies (5Cs) ခေါ် ၂၁ ရာစု ကျွမ်းကျင်မှုများကိုကြိုတွေး၍ ရှေ့ပြေးပုံဖော်ရေးသားထားဘိသကဲ့သို့ ခေတ်မီလှသော ကဗျာပင်ဖြစ်သည်။ ကျောင်းတော်သည် စာအုပ်ထဲမှ စာများကို သင်ကြားပေးရုံသာမက ကလေးငယ်တစ်ဦးကို လူတော်လူကောင်းအဖြစ် ပုံသွင်းပေးသည့် နေရာဖြစ်ကြောင်း ဆရာကြီးက (5Cs)၏နိမိတ်ပုံ "လိမ္မာဖို့"ဟူသော စကားအလှ၊ ကဗျာအလှဖြင့် မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။

မြန်မာ့လူမှုအဖွဲ့အစည်းအတွက်တွန်းအား

မြန်မာ့ယဉ်ကျေးမှုတွင် ပညာကို "လူမခိုးနိုင်သော ရွှေအိုး"ဟုတင်စားကြသည်။ ဆရာကြီးတင်မိုး၏ ဤကဗျာသည် ကျောင်းနေအရွယ်ကလေးများအား

> **"မေလနောက်ဆုံးပတ်တွင်ကျင်းပလေ့ရှိသော "ကျောင်းအပ်နှံရေး ရက်သတ္တပတ်" သည် မိဘပြည်သူများနှင့် ကျောင်းတော်ကြီးများအကြား အနာဂတ်မျိုးဆက်သစ်များအတွက် ကတိကဝတ်ပြုကြသည့်အချိန်အခါပင်ဖြစ်၊ ဤကာလအတွင်း မိမိတို့၏ရင်သွေးငယ်များကို အချိန်မီကျောင်းအပ်နှံခြင်းသည် ၎င်းတို့၏ တစ်သက်တာဘဝအတွက် အခိုင်မာဆုံးသောအခြေခံအုတ်မြစ်ကို ချပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အဖိုးတန်လှသော လူစွမ်းအားအရင်းအမြစ်များကို စတင်ပျိုးထောင်ပေးခြင်းလည်းဖြစ် . . ."**

ကျောင်းသို့သွားချင်စိတ်ဖြစ်အောင် ဆွဲဆောင်သည့် **"ပထမဆုံးသော စိတ်ဓာတ်ခွန်အား"**ပင်ဖြစ်သည်။

- **အိမ်မှကျောင်းသို့** – ကလေးငယ်တစ်ဦးသည် မိသားစု၏ကာကွယ်စောင့်ရှောက်မှုအောက်မှ နေ၍ လူ့အဖွဲ့အစည်းအတွင်းသို့စတင်ခြေချသည့် နေရာမှာ စာသင်ကျောင်းဖြစ်သည်။ ဤကဗျာသည် ထိုခြေလှမ်းကို ကြောက်ရွံ့စရာမဟုတ်ဘဲ ဂုဏ်ယူစရာ၊ ပျော်ရွှင်စရာခြေလှမ်းအဖြစ်ပြောင်းလဲပေးခဲ့သည်။
- **ပညာအခြေခံ** – စာရေးစာဖတ်တတ်ခြင်းသည် အခြားသော အတတ်ပညာအားလုံးအတွက် တံခါးပေါက်ဖြစ်သည်။ ဤကဗျာသည်ကလေးငယ်များအား စာတတ်မြောက်ခြင်း၏အကျိုးကျေးဇူးကို "လိမ္မာယဉ်ကျေးခြင်း"နှင့်ချိတ်ဆက်ပေးခြင်းဖြင့်ပညာရေးကိုတန်ဖိုးထားတတ်သောလူဘောင်တစ်ခုဖြစ်အောင် အခြေခံအုတ်မြစ်ချပေးခဲ့သည်။

ဆရာကြီးတင်မိုး၏ "မနီကလေး"ကဗျာသည် မြန်မာ့လူမှုအဖွဲ့အစည်းအတွက် ကလေးငယ်များကို ကျောင်းသို့သွားရန် တိုက်တွန်းသည့်အင်အား အကောင်းဆုံးသော **"အနုပညာလက်နက်"**ပင်ဖြစ်သည်။ ကျောင်းဖွင့်ရာသီတိုင်းတွင် ဤကဗျာသံကို ကြားရခြင်းသည် ကျွန်ုပ်တို့နိုင်ငံ၏အနာဂတ်အတွက် လိမ္မာယဉ်ကျေးသော ပညာတတ်မျိုးဆက်သစ်များကိုပြုစုပျိုးထောင်ရန် တာဝန်ရှိကြောင်း သတိပေးနှိုးဆော်နေခြင်းပင်ဖြစ်သည်။

ပညာရေးသည် လူမခိုးနိုင်သော ရွှေအိုးကြီး

ကျောင်းတော်သို့ ခြေချခြင်း၏စစ်မှန်သောတန်ဖိုးသည် အက္ခရာစာလုံးများကို ဖတ်တတ်ရုံ၊ ရေးတတ်ရုံမျှသာမဟုတ်ဘဲ ဘဝတစ်ခုလုံးကိုအလင်းဆောင်မည့် **"ရွှေအိုးကြီး"**ကို ပိုင်ဆိုင်ခွင့်ရခြင်းပင်ဖြစ်သည်။ မြန်မာ့လူမှုအဖွဲ့အစည်းတွင် ရှေးအစဉ်အဆက်ကပင် ပညာကို အနှိုင်းမဲ့တန်ဖိုးထားခဲ့ကြသည်။ လယ်သမားကြီး တစ်ဦးက မိမိသားသမီးကို **"ငါတို့မှာ အမွေပေးစရာ ပစ္စည်းဥစ္စာ မရှိဘူး၊ ပညာအမွေပဲရှိတယ်"**ဟု ပြောကြားခဲ့သည့်စကားသည် စီးပွားရေးအရချို့တဲ့နိုင်သော်လည်း အသိပညာဖြင့် ကြွယ်ဝစေချင်သည့် မိဘတို့၏နက်ရှိုင်းသောစေတနာကို ဖော်ပြနေခြင်းဖြစ်သည်။

ပညာရေး၏စွမ်းပကားနှင့်လက်တွေ့သာဓကများ

ပညာရေးသည် လူတစ်ဦးချင်းစီ၏ဘဝကိုသာမက နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကိုပါ ပြောင်းလဲပေးနိုင်သည့်အင်အားစုဖြစ်သည်။ ဥပမာအားဖြင့် -

*** အဝိဇ္ဇာအမှောင်ထုကို မောင်းထုတ်ခြင်း**

ကျောင်းတံခါးတစ်ချပ်ကို ဖွင့်ပေးခြင်းသည် အကျဉ်းထောင်တံခါးတစ်ချပ်ကို ပိတ်လိုက်ခြင်းနှင့် တူညီသည်ဟုဆိုကြသည်။ ပညာက အမှားနှင့်အမှန်ကို ခွဲခြားပေးသဖြင့် လူငယ်များအား လမ်းမှား မရောက်အောင် ကာကွယ်ပေးသည်။

*** ဘဝနိမ့်ကျမှုမှ ရုန်းထွက်ခြင်း**

ကမ္ဘာကျော်သိပ္ပံပညာရှင်များနှင့်ခေါင်းဆောင်အများအပြားသည် ဆင်းရဲသောဘဝမှပညာရေးကို လှေကားထစ်သဖွယ်အသုံးပြုကာ အောင်မြင်မှုပန်းတိုင်သို့တက်လှမ်းခဲ့ကြခြင်းဖြစ်သည်။

*** ကမ္ဘာကြီးကို ပြောင်းလဲစေသည့်လက်နက်**

နယ်လ်ဆင်မင်ဒဲလား ပြောကြားခဲ့သကဲ့သို့ **"ပညာရေးသည် ကမ္ဘာကြီးကိုပြောင်းလဲပစ်ရန် အစွမ်းအထက်ဆုံးလက်နက်ဖြစ်သည်"**။ ပညာတတ်သော လူ့အဖွဲ့အစည်းသည် ပြဿနာများကို အကြမ်းဖက်မှုဖြင့်မဟုတ်ဘဲ အသိဉာဏ်ဖြင့် ဖြေရှင်းနိုင်ကြသည်။

ကျောင်းဖွင့်ရာသီတွင် ကျောင်းသို့သွားခြင်းသည် အနာဂတ်၏အရှင်သခင်ဖြစ်ရန် ပထမဆုံးခြေလှမ်းကို လှမ်းလိုက်ခြင်းဖြစ်သည်။ မြန်မာ့လူမှုအဖွဲ့အစည်းအတွက် ပညာတတ်လူငယ်များပေါ်ထွက်လာခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးသောအာမခံချက်ပင်ဖြစ်သည်။

ကျောင်းအပ်နှံရေးနှင့် ပညာသင်နှစ်သစ်၏ အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအားလုံးအတွက် **၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်နေ့**သည် ပညာသင်ကြားမှုလုပ်ငန်းစဉ်များ တရားဝင်စတင်မည့်နေ့ထူးနေ့မြတ်ဖြစ်သည်။ မေလနောက်ဆုံးပတ်တွင် ကျင်းပလေ့ရှိသော **"ကျောင်းအပ်နှံရေး ရက်သတ္တပတ်"**သည် မိဘပြည်သူများနှင့် ကျောင်းတော်ကြီးများအကြား အနာဂတ်မျိုးဆက်သစ်များအတွက် ကတိကဝတ်ပြုကြသည့်အချိန်အခါပင်ဖြစ်သည်။ ဤကာလအတွင်း မိမိတို့၏ရင်သွေးငယ်များကို အချိန်မီကျောင်းအပ်နှံခြင်းသည် ၎င်းတို့၏တစ်သက်တာဘဝအတွက် အခိုင်မာဆုံးသောအခြေခံအုတ်မြစ်ကိုချပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အဖိုးတန်လှသော လူစွမ်းအားအရင်းအမြစ်များကို စတင်ပျိုးထောင်ပေးခြင်းလည်းဖြစ်သည်။

မြန်မာ့လူမှုအဖွဲ့အစည်းအတွက် တန်ဖိုးနှင့်အမျိုးသားရေးတာဝန်

ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းသို့ရောက်ရှိရန်မှာ မိဘ၊ ဆရာနှင့် ပြည်သူအားလုံးတွင် တာဝန်ရှိသည်။ **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"**ဟူသောဆောင်ပုဒ်ကို နှုတ်တက်ရွတ်ဖတ်ရုံမျှမဟုတ်ဘဲ လက်တွေ့ကျကျအကောင်အထည်ဖော်ရမည့်တာဝန်ဖြစ်သည်။

(က) အနာဂတ်အရှင်သခင်များ ပြုစုပျိုးထောင်ခြင်း

ယနေ့ ကျောင်းအပ်နှံလိုက်သည့် ကလေးတို့သည် နောင်တစ်ချိန်တွင် တိုင်းပြည်ကိုဦးဆောင်မည့် ပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်လာကြမည်ဖြစ်သည်။

(ခ) လူမှုစီးပွားဘဝမြှင့်တင်ခြင်း

ပညာတတ်ဦးရေများပြားလာခြင်းသည် မိသားစုတစ်စုချင်းစီ၏ဝင်ငွေတိုးတက်မှုမှသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထိ တိုက်ရိုက်အကျိုးပြုသည်။

(ဂ) ယဉ်ကျေးလိမ္မာသော လူ့ဘောင်တည်ဆောက်ခြင်း

ကျောင်းတော်သည် အတတ်ပညာသာမကစည်းကမ်း၊ အကျင့်သိက္ခာနှင့်အများသူငါနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် လူမှုအရည်အချင်း(Soft Skills)များ၊ Five Competencies (5Cs) ခေါ် ၂၁ ရာစု ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးရာနေရာဖြစ်သည်။

ထို့ကြောင့် ဇွန်လ ၁ ရက်နေ့တွင် ကျောင်းခေါင်းလောင်းသံနှင့်အတူ ရင်သွေးငယ်များ စာသင်ခန်းအတွင်းသို့ တက်ကြွစွာဝင်ရောက်နိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့် ကျောင်းအပ်နှံရေးရက်သတ္တပတ်အတွင်း အမိအရ ကျောင်းအပ်နှံကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ရင်သွေးငယ်များအား ကျောင်းသို့ပို့ဆောင်ခြင်းသည် မိမိတို့၏အနာဂတ်ကို ပညာအလင်းရောင်ဖြင့် ထုဆစ်ပုံဖော်ပေးခြင်းပင်ဖြစ်သည်။

အနာဂတ်၏တောင်ပံခတ်သံများနှင့် နိုးကြားသောအသိအာရုံကို ကြိုဆိုခြင်း

နိဂုံးချုပ်အနေဖြင့် မြန်မာ့ရင်သွေးငယ်များအားလုံးကို အဝိဇ္ဇာအမှောင်ထုကိုဘေးဖယ်ကာ အသိပညာအလင်းရောင်ရှိရာ စာသင်ကျောင်းများသို့ အချိန်မီတက်ကြွစွာသွားကြရန် လှိုက်လှိုက်လှဲလှဲ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ကျွန်ုပ်တို့၏ရင်သွေးငယ်များအနေဖြင့် လောကအလယ်တွင် မြင့်မားစွာပျံသန်းနိုင်ရန်အတွက် **"တော်ခြင်း"(ပညာ)**နှင့် **"ကောင်းခြင်း"(အကျင့်သီလ)**ဟူသော တောင်ပံနှစ်ဖက်ကို စနစ်တကျသန့်စွမ်းစွာ တပ်ဆင်နိုင်ရေးအတွက် စာသင်ကျောင်းတော်ကြီးများသည် ရင်ခွင်ကျယ်ကြီးများဖြင့် စောင့်ကြိုနေကြပြီဖြစ်သည်။

ဇွန်လ ၁ ရက်နေ့တွင် မြည်ဟီးလာမည့် ကျောင်းခေါင်းလောင်းသံသည် နိုင်ငံတော်၏အနာဂတ်ကို လှုပထည်ဝါအောင် ထုဆစ်ပုံဖော်မည့် **"အောင်စည်ဗုံမောင်းသံ"**ပင်ဖြစ်သည်။

စာဖတ်သူမိဘပြည်သူအပေါင်းတို့သည်လည်း မိမိတို့၏ရင်သွေးငယ်များအား ပညာအလင်းရောင်ဖြင့် လမ်းပြပေးနိုင်ကြပါစေကြောင်းနှင့် လူငယ်မောင်မယ်အပေါင်းသည်လည်း အသိတရား၊ သတိတရားတို့ဖြင့်ပေါင်းစပ်ထားသော စစ်မှန်သည့် ပညာရှင်များအဖြစ်သို့ တက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

"ပညာရနံ့ကိန်းအောင်းသော စိတ်နှလုံးသည် ငြိမ်းချမ်းခြင်း၏အစပြုရာဖြစ်ပြီး ထိုငြိမ်းချမ်းမှုမှ တစ်ဆင့် သာယာဝပြောသောကမ္ဘာသစ်ကို စုပေါင်းထုဆစ်နိုင်ကြပါစေ။" ။

မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၂၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝက်ဝံ)၊ အခြေခံပညာမူလတန်းကျောင်း(ကုန်းဘောကျေးရွာ)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ရေငယ်)၊ အခြေခံပညာအထက်တန်းကျောင်း (မိုးကြိုးစံပြ)၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (ပြင်ဦးလွင်)၊ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း (ပြင်ဦးလွင်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (အောင်ချမ်းသာ) တို့တွင် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ရန် လျာထားမြေနေရာများ၊



ကျောင်းအပ်နှံရေးသီတင်းပတ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း မိတ္ထီလာတက္ကသိုလ် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှု၊ ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်ပြီးစီးမှုနှင့် လေးခန်းတွဲလေးထပ် အမှုထမ်းအိမ်ရာ တည်ဆောက်ရန် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကန်တင်းနှင့် အားကစားရုံ တည်ဆောက်ရန် လျာထားမြေနေရာ၊ မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ချည်စက်)နှင့် အခြေခံပညာအထက်တန်းကျောင်း (တောမ) တို့တွင် လျှပ်ကြောင့်ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များနေရာတွင် နှစ်ထပ်ကျောင်းဆောင်သစ်များ ပြန်လည်တည်ဆောက်ရန်ဆောင်ရွက်နေမှု၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့တွင် ဘွဲ့နှင်းသဘင်ခန်းမ၊ ဝန်ထမ်းအိမ်ရာနှင့် ဘက်စုံသုံးခန်းမတည်ဆောက်ရန် လျာထားမြေနေရာများနှင့် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးပညာရေးဒီဂရီကောလိပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် လျာထားမြေနေရာ၊ ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အနီးစခန်း)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ပွေးတောင်(နန္ဒဝန်)) တို့တွင် ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန် လျာထားမြေနေရာများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် အထွေထွေညီလာခံကျင်းပ

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams–MNCOLD) ၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အထွေထွေညီလာခံအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်ပထမပိုင်းတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး သဘာပတိ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားကာ အတွင်းရေးမှူးက အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာအားဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာကို ညီလာခံ၏အတည်ပြုချက်ရယူခြင်းနှင့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ လက်ရှိကော်မတီဝင်များ နုတ်ထွက်ခြင်းများ ဆောင်ရွက်ကြပြီး ဒုတိယပိုင်းတွင် ကော်မတီဝင်အသစ်အမည်စာရင်းများကြေညာခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်ရှိ သစ္စာ ပိုက်နှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှအစက်ချပိုက်များအား စွေးနှုန်းသက်သာစွာဖြင့် ပိုမိုထုတ်လုပ်နိုင်ပါက အများပြည်သူများ ပိုမိုသုံးစွဲနိုင်၍ နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ဝါးနက်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ပီတိကွင်းရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရဲမွန်ကျေးရွာ ကွင်းအမှတ် (၁၀၂၆) အဝကျယ်ကွင်းရှိ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **မြဝတီ**

ပြည်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကျင်းပ

ပြည် မေ ၂၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားအား "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။


ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး နိုင်ငံတော်အစိုးရမှ အခမဲ့ပညာရေးစနစ်ဖော်ဆောင်ပေးသည့် ကျောင်းဝတ်စုံများ၊



စာအုပ်၊ ခဲတံနှင့် ဘောပင်များအား အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများအား အသီးသီးပေးအပ်သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၁၀)**

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ တည်ဆောက်ရေးလုပ်ငန်းများအား ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ ဝန်ထမ်းများအတွက် အသစ်တည်ဆောက်လျက်ရှိသည့် အရာထမ်းကြီး၊ အရာထမ်း၊ အမှုထမ်းအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်၊ အသုံးပြုသည့်တည်ဆောက်ရေးပစ္စည်းများ အမျိုးအစားမှန်ကန်၍ အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရေး အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များက အနီးကပ်ကြီးကြပ်စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ ဝန်ထမ်းအိမ်ရာများအသစ် တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းခွင်၊ ငလျင်ကြောင့် ပျက်စီးသွားသည့် အနီရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့် ဝန်ထမ်းအိမ်ရာများပြင်ဆင်ပြီးစီးမှုနှင့် ပြင်ဆင်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၃၅၈/၁)ရှိ ဒုဋ္ဌဝတီတံတား ပေ ၁၀၀၀ အသစ်တည်ဆောက်ရေးလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ-၁(မန္တလေး) ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်း များဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများအား နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ် ကြည့်ရှုစစ်ဆေး

မအူပင် မေ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ်သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးစိုးမင်းဦးနှင့်အတူ ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ဆရာ၊ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့်နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပို့ချထောင်သွားကြရန်မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင်ပုသိမ်မြို့ရှိအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ လပွတ္တာမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့သို့ရောက်ရှိပြီး ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား၍ ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် လပွတ္တာမြို့ရှိနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသားများ၏ လက်ကိုင်ဖုန်းပြင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ ဆောက်လုပ်ရေးသင်တန်းများတွင် ဘာသာရပ်အလိုက် လက်တွေ့သင်ကြားနေမှုနှင့် ဂါလန် ၃၁၀၀၀၀ ဆံ့ရေစုကန်အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံဆွေးနွေး

ဘားအံ မေ ၂၃

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်မောင်လှိုင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမြင့်နိုင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွန်မြတ်ထူးတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဘားအံမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များက ဒေသဆိုင်ရာအခြေအနေများ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



MSME လုပ်ငန်းများအတွက် အောင်မြင်ရေးအလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်ပွဲနှင့် အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

MSME လုပ်ငန်းများအတွက် အောင်မြင် ရေးအလေ့အကျင့် ကောင်းများကို လက်တွေ့အသုံးချနိုင်ရေးသင်တန်းဖွင့်ပွဲအား ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာန ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်တာဝန်ရှိသူများ၊ နေပြည်တော် MSME လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် MSME လုပ်ငန်းရှင်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အထွေထွေညီလာခံမှ အတည်ပြုချမှတ်ခဲ့သောဆုံးဖြတ်ချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့အကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းရုံးချုပ်၏ဝန်ထမ်းများ နေရာချထားမှုဌာနအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်း၌ SKD/CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ နှစ်ဘီး/ သုံးဘီး မော်တော်ဆိုင်ကယ်များ၊ ကိုယ်ထည် တပ်ဆင်ထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ လယ်ယာသုံးယာဉ်များနှင့်စပ်လျဉ်းသည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ဟုမ္မလင်းမြို့ရှိ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

မုံရွာ မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ရှိ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။


ထို့နောက် တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား မျိုးကောင်းစပါးများနှင့် နေကြာမျိုးစေ့များပေးအပ်ကာ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ဟုမ္မလင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော် -တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား (ပေ ၁၃၀၀) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့် အဆင့်မြှင့်တင်ဆောက်လုပ်သွားရန်လို၊ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အစီးရေ တိုးတက်လာနိုင်မှုများအပေါ် ထည့်သွင်းတွက်ချက်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန်လို . . .

★ ရှေ့ဖုံးမှအဆက်

လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော် -တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား (ပေ ၁၃၀၀) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်နှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မီးရထားလမ်းကူးနေရာများ၌ ခုံးကျော်တံတားများ ဆက်လက်ထည့်သွင်းတည်ဆောက်နိုင်ရေး အတွက်လည်း စနစ်တကျတွက်ချက် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ယခု နေပြည်တော်-တောင်ထွင်းကြီးမီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းအား မိုးမကျမီဆောင်ရွက်၍ရသည့်လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေပြည်တော်ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေပြည်တော်လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ယာယီသံပေါင်ဘောလီဝေါ်လီကွင်းများ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နေပြည်တော်လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့် အဆင့်မြှင့်တင်ဆောက်လုပ်သွားရန်လိုကြောင်း၊ နောင်အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အစီးရေ တိုးတက်လာနိုင်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော် -တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား (ပေ ၁၃၀၀) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပျဉ်းမနားမြို့၊ ကျီးအင်းကျေးရွာရှိ အေးခဲဟင်းသီးဟင်းရွက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း (Myanmar Agri Foods Co.Ltd) ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိုင်စောက်ကျေးရွာအနီးနှင့် ပင်လောင်းလမ်းဆုံနေရာတို့၌ လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အေးမြင့်သာယာတံတား(ဆင်သေချောင်းကူး)တွင် ချောင်းကမ်းပါးများ ရေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တံတားကြံ့ခိုင်မှုထိန်းသိမ်းခြင်းလုပ်ငန်း အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်အောင် သုတေသနပြုလုပ်၍ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ကြမ်းသီးနှံများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ကာ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းမှစ၍ သုံးစွဲသူလက်ဝယ်သို့ ရောက်ရှိသည်အထိ အဆင့်အားလုံးကို ချိတ်ဆက်ထားသည့်ထောက်ပံ့ရေးကွင်းဆက် (Supply Chain)ကို စနစ်တကျစဉ်းစားတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မှုများအပေါ် ထည့်သွင်းတွက်ချက်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၌ အရိပ်ရလေကာပင်များကိုလည်း မိုးရာသီအမီစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရွှေပြည် တော်ဝင်လမ်းပေါ်ရှိ ရန်ကုန်-မန္တလေး မီးရထားလမ်း ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် ပျဉ်းမနားမြို့ရှောင်လမ်းမှ ရွှေပြည်တော်ဝင်လမ်းသို့ ဝင်ရောက်သည့်လမ်းအား စနစ်တကျဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းများအားလုံးအား စနစ်တကျဖြစ်စေရေးနှင့်နောင်အနာဂတ်တွင် တိုးတက်လာမည့် မြို့ပြလူဦးရေနှင့် ယာဉ်အသုံးပြုမှု များပြားလာနိုင်မှုအပေါ် တွက်ချက်၍ တိုးချဲ့အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဒေသစိုက်ပျိုးသီးနှံများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှု

ထို့နောက် နိုင်ငံတော်သမ္မတသည် ပျဉ်းမနားမြို့၊ ကျီးအင်းကျေးရွာရှိ အေးခဲဟင်းသီးဟင်းရွက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း (Myanmar Agri Foods Co.,Ltd.)သို့ ရောက်ရှိလေ့လာကြရာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဒေသတွင်းမှထွက်ရှိသည့် ရုံးပတီသီး၊ ဟင်းနုနယ်၊ ဗိုလ်စားပဲ၊ သရက်သီးနှင့်ပဲအမျိုးမျိုးတို့အပါအဝင် ဟင်းသီးဟင်းရွက်မျိုးစုံအား အေးခဲဟင်းသီးဟင်းရွက်များထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေမှုအခြေအနေများ၊ အခြေခံလူတန်းစားများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးဆောင်ရွက်ပေးနိုင်မှု၊ ကန်ထရိုက်လယ်ယာစိုက်ခင်းများမှကုန်ကြမ်းများကို ဇွဂရာခိုင်နှုန်းအထိ အသုံးပြုထုတ်လုပ်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်အသစ်များအတွက် လုပ်ဆောင်ရသည့်လုပ်ငန်းစဉ်များ၊ လက်ရှိဈေးကွက်ရရှိမှုအခြေအနေများနှင့် ယင်းကိုအခြေခံ၍ အာရှဈေးကွက်၊ ဥရောပဈေးကွက်များသို့ တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ့အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လက်ရှိရရှိပြီးဖြစ်သည့် ဈေးကွက်ကို အဓိကရည်ရွယ်၍ ဆက်လက်တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ဟင်းသီးဟင်းရွက်များအား Green House များဖြင့် တစ်အုပ်တစ်မစိုက်ပျိုးမြေများကိုလည်း အကျိုးရှိအောင် အသုံးချသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကုမ္ပဏီအတွင်း အေးခဲဟင်းသီးဟင်းရွက်ထုတ်လုပ်နေမှုလုပ်ငန်း ဆောင်ရွက်နေမှုအဆင့်ဆင့်အား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် လုပ်ငန်းတိုးချဲ့နိုင်ရေးနှင့် ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်လည်း လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး လမ်းညွှန်မှာကြားသည်။

ရေနုတ်မြောင်းများ စနစ်တကျရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး အိုင်စောက်ကျေးရွာအနီးနှင့် ပင်လောင်းလမ်းဆုံနေရာတို့၌ လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အေးမြင့်သာယာတံတား(ဆင်သေချောင်းကူး)သို့ရောက်ရှိကြပြီး ဆင်သေချောင်းတစ်လျှောက် ချောင်းကမ်းပါးများအား သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကိုခံနိုင်ရေးတို့အတွက် ရေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများအား စနစ်တကျဆောင်ရွက်သွားရန်၊ တံတားနေရာများ၌လည်း ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❖ ဟင်းသီးဟင်းရွက်များအား Green House များဖြင့် တစ်အုပ်တစ်မ ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်အောင် သုတေသနပြုလုပ်၍ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ကြမ်းသီးနှံများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ကာ ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ် . . .

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing inspects upgrading of roads and bridges and operations of industries based on local agro-products in Nay Pyi Taw, Union Territory





President U Min Aung Hlaing inspects the new Nay Pyi Taw Airport entrance road project.

NAY PYI TAW May 23

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Vice President U Nyo Saw, union ministers, U Myo Thant and U Min Naung, and officials, inspected upgrading of roads and bridges and operations of the industries based on local agro-products in Nay Pyi Taw, Union Territory, this morning.

Upgrading of roads and bridges

During the inspection of a railway bridge (1,300 feet) of the Nay Pyi Taw-Taungdwingyi railroad on Shwepyi Tawwin Road, Union Minister for Construction U Myo Thant and officials reported on progress of work.

Regarding the report, the President said all roads in Nay Pyi Taw (Union Territory) must be upgraded systematically in accord with the standard quality. Careful calculations should be made to build railways bridges at necessary places in Nay Pyi Taw Council Area. He stressed the need to complete parts of the Nay Pyi Taw-Taungdwingyi railroad bridge project that can be carried out before the onset of monsoon through proper supervision.

The President observed the activities to clean and beautify the areas along the Shwepyi Tawwin Road in a motorcade.

The President inspected the new Nay Pyi Taw Airport entrance road project and preparations for erection of a temporary steel-frame bailey bridge, and heard a report on progress work presented by the Union Minister for Construction and officials.

In response, the President said facilitation of the trip from Nay Pyi Taw to the new airport entrance road and vice versa is the aim of the road construction project. Systematization and quality must be taken into account in building new roads. Probability of the increasing number of road users and traffic in the future must be calculated, he noted, adding that continuous road upgrading projects calls for the adoption of a master plan. Shade trees and windbreakers must be planted on both sides of the roads before the arrival of rains.

The President then proceeded to Yangon-Mandalay railroad bridge project on Shwepyi Tawwin Road. In response to a report presented by an official, he called for careful measures in building the road linking Pyinmana detour and Shwepyi Tawwin Road. Systematization of all roads in Nay Pyi Taw Council Area and calculating of the increasing urban population and traffic in the future must be conducted through well-planned actions. He also looked into other requirements.

Implementation of industries based on local crops

Then, the President arrived at the frozen vegetable export industry of Myanmar Agri Foods Co. Ltd in Kyee-in Village in Pyinmana and heard reports on the processing and exports of various frozen vegetables including ladies' fingers, amaranth, French bean, mangoes and other beans to foreign markets, endeavors

See Page - 19 ●●



President of the Republic of the Union of Myanmar U Min Aung Hlaing looks around the Myanmar Agri Foods Co.Ltd.



President U Min Aung Hlaing gives guidance on the Yangon-Mandalay railroad bridge project.

●● From Page - 18

made to increase per capita incomes of basic social classes, production by using 90 percent of raw materials from contract farms, plans to manufacture high-quality new products, market shares currently secured and measures taken to expand to Asia and Europe markets submitted by an responsible official from the company.

After hearing the reports, the President said it is an enterprise that contribute to the interest of the country and measures must be taken to boost the exports aiming at the existing markets. In doing so, collective cooperative system can be applied. If research is conducted to mass produce vegetables at any season in trove in green houses, more vegetable raw materials will be available., more products can be manufactured and distributed to local and foreign markets, increasing foreign exchange earnings for the country.

In carrying out manufacturing businesses, it is necessary to take all supply chain steps from raw materials to consumption properly and to utilize agricultural land beneficially. The President also gave necessary instructions.

Then, the President inspected the production process of frozen vegetables and asked questions of interest based on reports of officials before giving instructions on necessary coordination with relevant departments to expand operations and boost production as it is an enterprise that will contribute a lot to economic development of the country.

Proper ditches and drainage

Then, the President proceeded along the old Yangon-Mandalay Highway by car and inspected the tasks being carried out for proper ditches and drainage on both sides of the road near Aisout Village and Pinlaung junction before giving necessary instructions on reports of officials.

Afterward, the President arrived at Aye Myint Thaya Bridge (Hsinthay Creek) and gave instructions on systematic maintenance of waterway and banks to withstand strong water flow during floods and natural disasters, inspection and maintenance at bridges and other needs.

100

Chickpea plantations reaped in Htigyaing Township

HTIGYAING May 23

Statistics of Htigyaing Township Agriculture Department mentioned that local farmers have harvested all acres of chickpea in Htigyaing Township of Sagaing Region.

In Htigyaing Township, during the winter cropping season, chickpea was cultivated on a total of 4,710 acres. Harvesting of these chickpea fields began in January this year, and as of now, 100 percent of the acreage has been fully harvested, with an average yield of 18.24 baskets per acre.

"To increase the production of pulses and ensure food sufficiency during the winter cropping season in Htigyaing Township, chickpea was cultivated on 4,710 acres. At present, all cultivated chickpea fields have been completely harvested. As chickpea is widely consumed domestically, it has a strong market, and farmers who grow it are doing well," said U Ko Ko Aung, Head of the Department of Agriculture in Htigyaing Township.

In Htigyaing Township, the Township Department of Agriculture provided technical guidance and awareness to chickpea farmers to achieve better yields. This included ensuring access to suitable, high-quality seeds adapted to the local area, correct cultivation methods, pest control measures, and systematic use of fertilizers.

During this year's winter cropping season, for the cultivation of various pulses, the relevant Township Department of Agriculture also cooperated with farmers to supply quality seeds, necessary agricultural inputs, and post-harvest technology to improve both yield and crop quality.

SMK

Danubyu Township dispatches sale of Pakhan variety paddy to Yangon market

DANUBYU May 23

"Local merchants from Danubyu Township in Ayeyawady Region sent 60,000 baskets of Pakhan variety paddy to Yangon market," said Daw Thuza Win, the owner of rice and paddy trading in Danubyu Township.

From Danubyu Township to the Yangon market,about 60,000 baskets of Pakhan variety paddy were shipped and sold.

"During the past month, around 60,000 baskets of Pakhan paddy were exported and sold from Danubyu Township. The Pakhan paddy sent to the Yangon market is of fairly good quality. This variety belongs to the non-premium grain group. Demand from buyers in the Yangon market has been strong, which is why shipments have increased. At present, paddy prices are also rising. Pakhan paddy is in high demand even in the domestic rice and paddy market," said Daw Thuzar Win.

Over the past month, the price of Pakhan paddy exported to the Yangon market reached up to Ks-1,443,000 per 100 baskets. Due to strong trading, farmers, traders, cargo handlers, and freight transport operators have been gaining more employment opportunities.

SK

Dried spiny eel in good trading at domestic market in Mawlamyinegyun



MAWLAMYINEGYUN May 23

"Trading of dried spiny eel is boosting at the domestic market due to high demand in Mawlamyinegyun Township of Ayeyawady Region," said Daw Win Win Thu, the owner of dried fish trading depot in Mawlamyinegyun Township.

In Mawlamyinegyun Township, starting from the third week of March up to the present, locally produced dried spiny eel has been experiencing strong demand and good market activity. It is reported that these locally produced dried fish are not only sold within the local market but are also being purchased in large quantities by cities such as Pathein and Yangon.

"Sales have been brisk since around the third week of this month. At present, demand is significantly higher than usual, mainly due to increased orders for dried fish from the Yangon market. The dried spiny eel business is one of the local economic activities for residents," said Daw Win Win Thu.

In Mawlamyinegyun Township, dried fish traders purchase fresh, locally caught spiny eels and process them—by preparing sweet and salted varieties and drying them systematically—until they are ready for consumption before selling them. The price of dried spiny eel currently ranges from Ks-17,500 to Ks-27,500 per viss.

SMK

YeU Township finishes harvesting of all sown acreage of black gram

YEU May 23

Local farmers have harvested all plantations of black gram in YeU Township of Sagaing Region, accrding to the YeU District Agriculture Department.

In YeU Township, during the winter cropping season, black gram was cultivated on a total of 25,786 acres. Harvesting of these black gram fields began in January this year, and as of now, 100 percent of the acreage has been fully harvested, with an average yield of 19.98 baskets per acre.

"During the winter cropping season in YeU Township, black gram was cultivated on 19,039 acres. At present, all cultivated black gram fields have been completely harvested. During the cultivation period, necessary technologies, quality seeds, and pest and disease prevention methods were provided through field-based support," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

In YeU Township, the Township Department of Agriculture provided awareness and technical assistance to black gram farmers to ensure better yields. This included access to high-quality, locally suitable seeds, correct cultivation methods, pest control, and systematic use of fertilizers.

During this year's winter cropping season, in the cultivation of various pulses, the relevant Township Department of Agriculture also cooperated with farmers to provide quality seeds, agricultural inputs, and post-harvest technologies to improve both yield and crop quality.

SK

Putin offers deep condolences to Xi over deadly mine explosion in Shanxi Province - Kremlin

MOSCOW May 23

Russian President Vladimir Putin expressed his deep condolences to Chinese President Xi Jinping following the tragedy at a coal mine in Shanxi province, according to a telegram published on the Kremlin's website.

"Dear Mr. President, dear friend! Please accept my deepest condolences in connection with the tragic consequences of the disaster at the coal mine in Shanxi Province," the telegram reads.

Putin also asked to convey words of sympathy and support to the families of the deceased miners and wishes for a speedy recovery to all those injured.

The gas explosion occurred at the Liushenyu coal mine in Qingyuan County on Friday, while 247 workers were inside. Search and rescue operations are ongoing, and authorities are investigating the cause of the explosion.

Sputnik

Death toll rises to 6 in clashes between Indigenous communities in Colombia

BOGOTA May 23

The death toll from clashes between members of the Misak and Nasa Indigenous communities in southwestern Colombia has risen to six, Colombian Defence Minister Pedro Sanchez said Friday.

More than 100 people were also injured in the violent clashes that took place in the rural area of Silvia in the department of Cauca on Thursday due to a territorial dispute, Sanchez said.

The minister said army troops had been deployed to restore order.

"Our soldiers will accompany the population and protect it," he said, describing the confrontation as "absurd."

Sanchez said that President Gustavo Petro has called a meeting at the presidential palace on Monday with leaders of the communities to seek a peaceful solution.

Xinhua

U.S. expands Ebola-related entry restrictions to include green card holders



LOS ANGELES May 23

The U.S. Centers for Disease Control and Prevention (CDC) said Friday that lawful permanent residents, commonly known as green card holders, will now be subject to temporary entry restrictions related to the ongoing Ebola outbreak in East and Central Africa.

The expanded restrictions follow an interim final rule issued by the U.S. Department of Health and Human Services that revises federal public health guidelines to prevent the introduction of dangerous communicable diseases into the United States.

Under the new rule, green card holders who have been in the Democratic Republic of the Congo, Uganda, or South Sudan within the past 21 days will be temporarily barred from entering the United States, according to the CDC.

The agency said the measure expands the scope of Ebola-related entry restrictions announced earlier this week. On Monday, the CDC unveiled a 30-day package of enhanced public health measures, including strengthened traveler screening and monitoring, as well as entry restrictions on certain non-U.S. passport holders who had recently traveled to Ebola-affected areas.

The CDC stressed that the new rule does not permanently prohibit green card holders from returning to the United States. Rather, it grants the agency discretionary authority to temporarily restrict entry when necessary to protect public health and manage emergency response resources.

The CDC said no Ebola cases linked to the current outbreak have been reported in the United States, and the immediate risk to the general public remains low.

Xinhua

27 injured in tram collision in Duesseldorf of Germany



BERLIN May 23

At least 27 people were injured, including five seriously, after two trams collided in central Duesseldorf on Saturday, according to emergency services.

Emergency crews quickly arrived at the scene and treated dozens of people. Authorities said an additional 28 individuals received medical attention but were not injured. No fatalities or life-threatening injuries have been reported.

Most passengers were able to leave the damaged vehicles on their own, and no complex rescue operation was required, officials said

The collision disrupted tram services across the city center, with several routes diverted while emergency responders and investigators worked at the scene.

Authorities have not yet determined what led to the crash and are continuing their investigation.

Xinhua

Dozens dead in Chinese coal mine explosion



BEIJING May 23

At least 82 miners have been killed after a gas explosion tore through a coal mine in northern Shanxi Province, China, with rescue efforts still underway, state broadcaster CCTV reported on Saturday.

The blast occurred on Friday evening at the Liushenyu mine operated by Shanxi Tongzhou Group in Qinyuan County. According to Xinhua, 247 workers were on duty underground at the time of the incident. CCTV said nine people are still unaccounted for.

The cause is still unclear, with an investigation ongoing, though an earlier Xinhua report suggested that carbon monoxide levels exceeded limits inside the mine.

Chinese President Xi Jinping issued instructions on Saturday for an "all-out rescue of the missing and treatment of the injured," while calling for a thorough investigation into the cause. Officials running the coal mine have been detained, according to media reports. A video shared by Xinhua shows numerous ambulances and police cars arriving at the scene.

Russian President Vladimir Putin has expressed condolences to Xi – who he met with just days ago in Beijing – over the tragedy.

Coal is a key source of energy in China, powering more than half of the nation's energy consumption, despite efforts in recent years to reduce its use.

In 2021, Xi pledged to "strictly limit the increase in coal consumption" until 2025 and start phasing it out as part of the goal of reaching carbon neutrality by 2060.

In June 2025, the share of coal in power generation dropped to a historic low of 51 percent, with China rapidly expanding the use of wind, solar, and nuclear energy.

RT

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 51

Auxiliary verbs (have/do/can etc.) I think so / I hope so etc.

A In these sentences there is an *auxiliary* verb and a *main* verb:

	auxiliary	*main*	
I	**have**	**lost**	my keys.
She	**can't**	**come**	to the party.
The hotel	**was**	**built**	ten years ago.
Why	**do** you	**want**	to go home?

In these examples **have/can't/was/do** are *auxiliary* (= helping) verbs.
You can use an auxiliary verb when you don't want to repeat something:

- 'Have you locked the door?' 'Yes, I **have**.' (= I have locked the door)
- Gary wasn't working, but Laura **was**. (= Laura was *working*)
- Jessica could lend me the money, but she **won't**. (= she won't lend me the money)

We use **do/does/did** for the present and past simple:

- 'Do you like onions?' 'Yes, **I do**.' (= I *like* onions)
- 'Does Simon live in London?' 'He **did**, but he **doesn't** any more.'

You can use auxiliary verbs to deny what somebody says (= say it is not true):

- 'You're sitting in my place.' 'No, **I'm not**.' (= I'm not sitting in your place)
- 'You didn't lock the door before you left.' 'Yes, I **did**.' (= I *locked the door*)

B We use **have you?** / **isn't she?** / **are they?** etc. to show that we are interested in what somebody has said, or to show surprise:

- 'I've just seen Steven.' 'Oh, **have you?** How is he?'
- 'Lisa isn't very well today.' **'Isn't she?** What's wrong with her?'
- 'It rained every day during our holiday.' '**Did it**? What a shame!'
- 'James and Tanya are getting married.' '**Are they**? Really?'

C We use auxiliary verbs with **so** and **neither:**

- 'I'm tired.' **'So am I.'** (= I'm tired too)
- 'I never read newspapers.' **'Neither do I.'** (= I never read newspapers either)
- Sarah can't drive and **neither can Mark**.

Note the word order after **so** and **neither** (verb before subject):

- I passed the exam and **so did Paul**. (not so Paul did)

Instead of **neither**, you can use **nor**. You can also use **not** … **either**:

- 'I don't know.' '**Neither** do I.' or '**Nor** do I.' or 'I do**n't either**.'

D **I I think so / I suppose so** etc.

You can say **I think so** / **I suppose so** etc. when we don't want to repeat something:

- 'Are those people Korean?' '**I think so**.' (= I think they are Korean)
- 'Is Kate working tomorrow?' '**I suppose so**.' (= I suppose she is working tomorrow)
- 'Will you be at home this evening?' '**I expect so**.' (= I expect I'll be at home …)

In the same way we say: **I hope so, I guess so** and **I'm afraid so**.
The usual negative forms are:

I think so / I expect so —— I **don't think so** / **I don't expect so**
I hope so / I'm afraid so —— I **hope not** / **I'm afraid not**
I guess so / I suppose so —— I **guess not** / **I suppose not**

- 'Is that woman American?' '**I think so**. / **I don't think so**.'
- 'Do you think it will rain?' '**I hope so**. / **I hope not**.' (not I don't hope so)

American English —— Appendix 7

Raymond Murphy

၂၀၂၆ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူများ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာစဉ်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုစဉ်။





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားပရိဝုဏ်အတွင်း ကျောက်စာရုံစေတီတော်များရှိ ကျောက်စာချပ်များအား လေ့လာကြည့်ရှုစဉ်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်(နေပြည်တော်)အား သွားရောက်လေ့လာစဉ်။

နေပြည်တော် မေ ၂၃

နေပြည်တော်သို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ရှိမြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ၊အထင်ကရနေရာများ၊တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအထိမ်းအမှတ်ပြယုဂ်များကို သွားရောက်လေ့လာကြရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး သင်တန်းသား၊ သင်တန်းသူများ၏ သိရှိလိုသည်များမေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါသင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် **စာမျက်နှာ ၂၃ သို့ ●**



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေကြောင်းလူငယ်သင်တန်းသားများအား အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ကျောင်းများအားလုံးတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းဆိုင်ရာအချက်အလက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှသင်တန်းသား၊ သင်တန်းသူများ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့သွားရောက်လေ့လာဂါရဝပြုစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်လေ့လာစဉ်။

● စာမျက်နှာ ၂၂ မှအဆက်

နေပြည်တော်ရှိ ဥပုဂိတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အလားတူအခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူများ၊ အုပ်ချုပ်သူ နည်းပြများနှင့် ဆရာ/ဆရာမများသည် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက သမိုင်းကြောင်းနှင့် ရုပ်ပွားတော်မြတ်ကြီး ထူဆစ်ရန်အတွက် စကျင်ကျောက်တုံးကြီးများအား ကုန်းလမ်း၊ ရေလမ်းမှ အဆင့်ဆင့် သယ်ဆောင်ခဲ့ရပုံနှင့် တည်ထားကိုးကွယ်မှုဆိုင်ရာ လုပ်ဆောင်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြသကြသည်။

၎င်းနောက် ဘုရားပရိဝုဏ်အတွင်းရှိ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋ္ဌီကာကျမ်းစာများကို ထုဆစ်ပူဇော်ထားသည့် ကျောက်စာချပ်များတည်ရှိရာ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရားတို့အား လေ့လာဖူးမြော်ကြည်ညိုကြသည်။ ထို့ပြင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် မော်ကွန်းတိုက်၊ သုဓမ္မာဇရုပ်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များအား လေ့လာကြည့်ရှုကြသည်။ ထို့နောက် သင်တန်းသားများက စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်စစ်ကြောရေးနှင့်တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ လေကြောင်းလူငယ်သင်တန်းသားများအား အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ကျောင်းများအားလုံးတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းဆိုင်ရာအချက်အလက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဦးစီးဌာနမှဖွင့်လှစ်ထားသော ကျောင်းများ၊ သင်တန်းအမျိုးအစားများနှင့် သင်တန်းကာလများ၊ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများ၏ ဝင်ခွင့်သတ်မှတ်ချက်များ၊ သင်တန်းအမျိုးအစားများနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား ပေးဆပ်ခဲ့ကြသူများ၏ ရဲစွမ်းသတ္တိများ၊ သမိုင်းမော်ကွန်းများကို မှတ်တမ်းတင်ဂုဏ်ပြုထားရာ သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ သူရဲကောင်းစစ်သည်တော်ကြီးများ၏ ကမ္ဘည်းအမည်စာရင်းများ၊ ကျောက်စာတိုင်များ၊ ခေတ်အဆက်ဆက် အမိနိုင်ငံတော်ကို ကာကွယ်ရင်း အသက်ပေးလှူခဲ့ကြသည့် စစ်သည်တော်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ကမ္ဘည်းမော်ကွန်းများ၊ အမြင့်ဆုံးရဲစွမ်းသတ္တိဘွဲ့တံဆိပ်ရရှိသူများ၏ ဂုဏ်ပြုမှတ်တမ်းကျောက်စာများ၊ ထာဝရမီးရှူးတိုင် (Eternal Flame)၊ သမိုင်းဝင်တိုက်ပွဲမှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများ၊ ကြေးသွန်းရုပ်တုများ၊ ကျောက်ဆစ်လက်ရာများနှင့်ဗိမာန်အတွင်းရှိ သမိုင်းမှတ်တမ်းများအား ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထူးခြားသည့်နေ့အပူချိန်များ

၂၃-၅-၂၀၂၆

ချောက်	၄၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်	မြင်းခြံ	၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယက်
ညောင်ဦး	၄၀ ဒသမ ၄ ဒီဂရီဆဲလ်စီးယက်	မြင်းမူ	၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယက်
ဂန့်ဂေါ	၃၉ ဒသမ ၆ ဒီဂရီဆဲလ်စီးယက်	တံတားဦး	၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယက်
ဆင်ဖြူကျွန်း	၃၉ ဒသမ ၆ ဒီဂရီဆဲလ်စီးယက်	(လေကြောင်းမိုးလေဝသ)	
ပခုက္ကူ	၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက်		
မုံရွာ	၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယက်	မင်းကင်း	၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက်

အမေရိကန်ရဲ့ သုံးဆင့်နည်းလမ်းအောက်ရောက်လာနေတဲ့ ကျူးဘား



အမေရိကန်အင်ပါယာဝါဒရဲ့ လုပ်ရိုးလုပ်စဉ်တွေကို သေချာစောင့်ကြည့်မယ်ဆိုရင် ထပ်ခါထပ်ခါ တွေ့မြင်ရတဲ့ပုံစံတစ်ခုရှိပါတယ်။ အဲဒါကတော့ နိုင်ငံတစ်နိုင်ငံကို အရင်ဦးဆုံးအနေနဲ့ စီးပွားရေးနဲ့ ပိတ်ဆို့ဖိနှိပ်မယ်၊ နောက်တစ်ဆင့်မှာ နိုင်ငံရေး၊ စစ်ရေး၊ သတင်းမီဒီယာတွေကနေဖိအားပေးမယ်၊ အဆုံးမှာတော့ တိုက်ရိုက်စစ်ရေးအင်အားအသုံးပြုပြီး ဝင်ရောက်တိုက်ခိုက်မယ်ဆိုတဲ့ "ပိတ်ဆို့၊ ခြိမ်းခြောက်၊ ကျူးကျော်" နည်းလမ်းပါပဲ။ ဒါကိုအမေရိကန်ရဲ့သုံးဆင့်နည်းလမ်းလို့ခေါ်နိုင်ပါတယ်။ ဒီနည်းလမ်းဟာ အမေရိကန်နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကပုံစံတစ်ခုလိုဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာ နိုင်ငံများစွာက ဒီပုံစံရဲ့သားကောင်ဖြစ်ခဲ့ရပါတယ်။

ဒီနည်းလမ်းက အမြဲတမ်းအောင်မြင်နေတယ်လို့ တော့မဟုတ်ပါဘူး။ မကြာသေးခင်က အီရန်နဲ့ ပဋိပက္ခတွေမှာ အမေရိကန်နဲ့ အစ္စရေးတို့ မျှော်လင့်ထားသလိုအနိုင်မရခဲ့တာကိုတောင် အမေရိကန်ရဲ့ စစ်ဝါဒီပညာရှင်တချို့က ဝန်ခံလာကြပါတယ်။ ဒါပေမဲ့ ကျရှုံးမှုတွေက အမေရိကန်နိုင်ငံရေးသမားတွေကို နောက်မဆုတ်စေပါဘူး။ သူတို့အတွက် နိုင်ငံတစ်နိုင်ငံကို စီးပွားရေးအရအသက်ရှူမရအောင်ပိတ်ဆို့ဖိနှိပ်တာ၊ ပြည်သူတွေကို ဆင်းရဲဒုက္ခရောက်အောင် လုပ်တာ၊ နောက်ဆုံးမှာ စစ်အင်အားနဲ့ရိုက်ချိုးပစ်တာဟာ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုလိုဖြစ်နေပါတယ်။

ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းကာလကို ပြန်ကြည့်မယ်ဆိုရင် အမေရိကန်ရဲ့စီးပွားရေးပိတ်ဆို့မှုနဲ့ စစ်ရေးတိုက်ခိုက်မှု နှစ်မျိုးစလုံးကိုခံခဲ့ရတဲ့ နိုင်ငံတွေ အများကြီးရှိပါတယ်။ ကျူးဘား၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ ပနားမား၊ ဂရန်နာဒါ၊ ဒိုမီနီကန်၊ ယူဂိုဆလားဗီးယား၊ မြောက်ကိုရီးယားနဲ့ အီရန်တို့လို နိုင်ငံတွေဟာ အမေရိကန်ရဲ့ စီးပွားရေးစစ်ပွဲ၊ ကုန်သွယ်ရေးပိတ်ဆို့မှု၊ ငွေကြေးတားမြစ်မှုတွေအပြင် ဗုံးကြဲတိုက်ခိုက်မှု၊ မြေပြင်ကျူးကျော်မှု၊ ကိုယ်စားတပ်တွေအသုံးပြုပြီး စစ်ဆင်မှုတွေကိုပါ ခံခဲ့ရပါတယ်။ ဒီအချက်ကိုကြည့်ရင် အမေရိကန်ဟာ အင်အားသုံးဖိနှိပ်သူပိုဖြစ်နေတယ်ဆိုတာ ပြသနေပါတယ်။

ယူကရိန်းပဋိပက္ခကို ကြည့်မယ်ဆိုရင်လည်း အမေရိကန်ရဲ့ ဒီနည်းလမ်းကို ထပ်မြင်နိုင်ပါတယ်။ ယူကရိန်းဟာ တစ်နိုင်ငံတည်းအားနဲ့ ရုရှားကို အရှေ့လောက်ထိကြာအောင် မတောင့်ခံနိုင်ဘူးဆိုတာ လူတိုင်းသိပါတယ်။ စစ်လက်နက်၊ ထောက်လှမ်းရေး၊ နည်းပညာ၊ ငွေကြေး၊ သတင်းအချက်အလက် စတဲ့ အရာတွေအားလုံးကို အမေရိကန်နဲ့ အနောက်နိုင်ငံတွေက ထောက်ပံ့ပေးနေတာပါ။ အဲဒီလိုနဲ့ ရုရှားနိုင်ငံအတွင်းပိုင်းထဲအထိ တိုက်ခိုက်မှုတွေဖြစ်လာပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ နျူကလီးယားလက်နက်အများဆုံးရှိတဲ့ ရုရှားနဲ့တိုက်ရိုက်ရင်ဆိုင်နေရတဲ့ အန္တရာယ်ကြီးကတောင် အမေရိကန်နိုင်ငံရေးသမားတွေကို အပြည့်အဝမတားဆီးနိုင်ဘူးဆိုတာ ပြနေပါတယ်။

ဒီလိုမျိုးသမိုင်းနောက်ခံအခြေအနေတွေကြားမှာ လက်ရှိအမေရိကန်က ကျူးဘားကိုပို့နေတဲ့ သတင်းစကားတွေကိုကြည့်ရင် ပိုပြီးသတိထားစရာဖြစ်လာပါတယ်။ မကြာသေးခင်က အမေရိကန်ထောက်လှမ်းရေးသတင်းအရင်းအမြစ်ဆိုသူတွေက ကျူးဘားမှာ ဒရုန်းအစင်း ၃၀၀ ဝန်းကျင်ရှိနေပြီး အမေရိကန်ပစ်မှတ်တွေကိုတိုက်ခိုက်ဖို့ စီစဉ်နေတယ်လို့ ပြောလာပါတယ်။ ဂွမ်တာနာမိုပင်လယ်အော်က အမေရိကန်စခန်းကိုပါ တိုက်ခိုက်နိုင်တဲ့အပြင် ဖလော်ရီဒါအထိပါ ရောက်လာနိုင်တယ်လို့ ဆိုကြပါတယ်။ ဒီလိုစွပ်စွဲချက်တွေထဲမှာ ရုရှား၊ တရုတ်နဲ့ အီရန်တို့ကလည်း ကျူးဘားနဲ့ ပူးပေါင်းနေတယ်ဆိုတဲ့ အကြောင်းတွေပါ ထည့်သွင်းထားပါတယ်။

ဒီသတင်းတွေကိုစဉ်းစားကြည့်ရင် အလွန်အကျွံအဓိပ္ပာယ်မရှိတာကို မြင်နိုင်ပါတယ်။ ကျူးဘားလို အမေရိကန်နဲ့ အင်အားမမျှတဲ့ နိုင်ငံတစ်နိုင်ငံဟာ ကိုယ်တိုင် အမေရိကန်မြေပြင်ကိုတိုက်ခိုက်ဖို့ စတင်မယ်ဆိုတာ အမှန်တကယ်ဖြစ်နိုင်ခြေနည်းပါတယ်။ အဲဒီလိုလုပ်လိုက်ရင် အမေရိကန်ကို တိုက်ရိုက်ကျူးကျော်စေဖို့ အကြောင်းပြချက်ပေးသလိုဖြစ်သွားမှာပါ။ ဒါကြောင့် ဒီလိုစွပ်စွဲချက်တွေဟာ ကျူးဘားနိုင်ငံရဲ့ စစ်ရေးအစီအစဉ်မဟုတ်ဘဲ အမေရိကန်နိုင်ငံဘက်က စစ်ရေးတိုက်ခိုက်မှုအတွက် ကြိုတင်လမ်းခင်းနေခြင်း သာဖြစ်တယ်လို့ လူအများကမြင်လာကြပါတယ်။

အမေရိကန်သမိုင်းကို ပြန်ကြည့်ရင် ဒီလိုမျိုးလုပ်ရပ်တွေက အသစ်အဆန်းမဟုတ်ပါဘူး။ ၂၀၀၃ ခုနှစ်မှာ အီရတ်ကိုကျူးကျော်တုန်းက "လူအစုလိုက်အပြုံလိုက် သေစေနိုင်တဲ့လက်နက်" ရှိတယ်လို့ ပြောခဲ့ပေမယ့် နောက်ဆုံးမှာ ဘာမှမတွေ့ခဲ့ပါဘူး။ လစ်ဗျားနိုင်ငံကို တိုက်ခိုက်စဉ်တုန်းကလည်း "လူ့အခွင့်အရေးကို ကာကွယ်ဖို့" ဆိုပြီး စတင်ခဲ့ပေမယ့် နောက်ဆုံးမှာ နိုင်ငံသာပျက်စီးသွားခဲ့ရပါတယ်။ အီရန်နိုင်ငံကိုလည်း နျူကလီးယားလက်နက် တည်ဆောက်နေတယ်ဆိုပြီး နှစ်ပေါင်းများစွာ ဖိအားပေးခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ကျူးဘားအပေါ် အခုထုတ်လာတဲ့ စွပ်စွဲချက်တွေကိုလည်း လူအများက သံသယနဲ့ကြည့်နေကြတာပါ။

ကျူးဘားအစိုးရကတော့ အမေရိကန်ရဲ့စွပ်စွဲချက်တွေကို တိုက်ရိုက်ငြင်းဆိုထားပါတယ်။ သူတို့က အမေရိကန်ဟာ စစ်ရေးတိုက်ခိုက်မှုအတွက် အတုအယောင်အမှု တည်ဆောက်နေတယ်လို့ ပြောထားပါတယ်။ ဒီလိုပြောတာဟာ အခြေအမြစ်မရှိမဟုတ်ပါဘူး။ အမေရိကန်ဟာ အရင်ကလည်း စစ်ရေးတိုက်ခိုက်မှုမလုပ်ခင် ဝါဒဖြန့်မှုတွေ၊ စွပ်စွဲချက်တွေ၊ ထောက်လှမ်းရေးသတင်းအတုတွေကို အသုံးပြုခဲ့ဖူးပါတယ်။

အခုနောက်ထပ်ဖြစ်ပေါ်လာတာက အမေရိကန်တရားရေးဌာနက ကျူးဘားသမ္မတဟောင်းဖြစ်တဲ့ ရောကက်စထရိုကို လွှန်ခဲ့တဲ့ ၂၅ နှစ်ကျော်တုန်းက လေယာဉ်နှစ်စင်းကိုပစ်ချမှုနဲ့ တရားစွဲလိုက်တာပါ။ ဒီလုပ်ရပ်ဟာ နိုင်ငံရေးဖိအားတိုးမြှင့်မှုတစ်ခုအဖြစ် မြင်ရပါတယ်။ အမေရိကန်ဟာ ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုကို ဖမ်းဆီးဖို့လုပ်ဆောင်ခဲ့သလိုမျိုး ကျူးဘားခေါင်းဆောင်တွေကိုလည်း အလားတူ လုပ်ဆောင်နိုင်တယ်ဆိုတဲ့အချက်ပြမှုပါပဲ။

ကျူးဘားဟာ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ဆယ်စုနှစ်ပေါင်းများစွာကြာ ခံစားနေရတဲ့နိုင်ငံဖြစ်ပါတယ်။ အမေရိကန်က ကျူးဘားအပေါ် ကုန်သွယ်ရေးတားမြစ်မှုတွေ၊ ငွေကြေးပိတ်ဆို့မှုတွေ၊ နိုင်ငံတကာဘဏ်လုပ်ငန်းမှာအခက်အခဲဖြစ်အောင်တွေကို ဆက်တိုက်လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် ကျူးဘားပြည်သူတွေဟာ လောင်စာဆီပြတ်လပ်မှု၊ အစားအစာအခက်အခဲ၊ ဆေးဝါးရှားပါးမှု၊ လျှပ်စစ်မီးပြတ်တောက်မှုတွေရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေဟာ စစ်တိုက်နေတာမဟုတ်ပေမယ့် လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို တဖြည်းဖြည်းနဲ့ဖျက်ဆီးနေတဲ့ စစ်ပွဲတစ်မျိုးဖြစ်နေပါတယ်။

အမေရိကန်က ကျူးဘားကို ဒီလောက်အထိရန်လိုနေရတဲ့ အဓိကအကြောင်းရင်းကတော့ ၁၉၅၉ ခုနှစ် ကျူးဘားတော်လှန်ရေးနောက်ပိုင်း ကျူးဘားဟာ အမေရိကန်ရဲ့ လက်အောက်ခံနိုင်ငံအဖြစ် မနေတော့တာကြောင့်ပါပဲ။ အရင်က ကျူးဘားဟာ အမေရိကန်စီးပွားရေးအကျိုးစီးပွားတွေအတွက် အရေးကြီးတဲ့ နေရာတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ တော်လှန်ရေးနောက်ပိုင်းမှာ ကျူးဘားက ကိုယ်ပိုင်အချုပ်အခြာအာဏာနဲ့ ရပ်တည်ဖို့ ကြိုးစားလာပါတယ်။ အဲဒါကို အမေရိကန်က ဘယ်တော့မှ လက်မခံနိုင်ခဲ့ပါဘူး။

လွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးဆိုတဲ့ စကားတွေကို အမေရိကန်က အမြဲပြောနေတတ်ပေမယ့် တကယ်တမ်းမှာတော့ သူတို့အကျိုးစီးပွားကို မလိုက်နာတဲ့ နိုင်ငံတွေအပေါ် ဖိနှိပ်ဖို့အသုံးပြုတဲ့ နိုင်ငံရေးစကားလုံးတွေသာဖြစ်နေတာပါ။ အမေရိကန်နဲ့မတူတဲ့ စီးပွားရေးစနစ်ရှိတာ၊ ဆိုရှယ်လစ်ဝါဒနီးစပ်တာ၊ ကိုယ်ပိုင်အကျိုးစီးပွားကို ဦးစားပေးတာတွေကို ဝါရှင်တန်က လက်မခံနိုင်ပါဘူး။

ကျူးဘားနဲ့ အမေရိကန်ကြား ပဋိပက္ခရဲ့ အဓိက အချက်က အယူဝါဒထက် အချုပ်အခြာအာဏာဖြစ်ပါတယ်။ အမေရိကန်အနီးမှာရှိတဲ့ နိုင်ငံတစ်နိုင်ငံက အမေရိကန်ရဲ့သဘောကို မလိုက်နာဘူးဆိုတာကို ဝါရှင်တန်က လက်မခံနိုင်ပါဘူး။ Monroe Doctrine ဆိုတဲ့ အမေရိကန်ရဲ့ ဒေသဆိုင်ရာအာဏာအယူအဆကလည်း အမေရိကန်အနီးက နိုင်ငံတွေကို သူတို့ရဲ့ ဩဇာအောက်မှာပဲရှိစေချင်တဲ့ သဘောထားကိုပြသနေပါတယ်။

လက်ရှိကျူးဘားအစိုးရကို လူတစ်ယောက်ချင်းစီကာဘယ်လိုမြင်မြင် အမေရိကန်က နိုင်ငံတစ်နိုင်ငံကို ဒီလောက်အထိ စီးပွားရေးဖိနှိပ်မှု၊ စစ်ရေးခြိမ်းခြောက်မှု၊ နိုင်ငံရေးဝင်ရောက်စွက်ဖက်မှုတွေ လုပ်ခွင့်မရှိပါဘူး။ ကျူးဘားရဲ့စီးပွားရေးစနစ် ကောင်းမွန်နေသလား၊ မကောင်းနေဘူးလားဆိုတာတောင် အမှန်တကယ် အကဲဖြတ်ဖို့ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆယ်စုနှစ်ပေါင်းများစွာကြာ အမေရိကန်ရဲ့ ဖိနှိပ်ပိတ်ဆို့မှုတွေကြောင့် ကျူးဘားစီးပွားရေးဟာ ပုံမှန်အခြေအနေတစ်ခုမှာ ဘယ်တော့မှမရှိခဲ့လို့ပါ။

စီးပွားရေးအခက်အခဲရှိတယ်ဆိုတာနဲ့ နိုင်ငံတစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခွင့်ရလာတာမျိုးလည်း မဟုတ်ပါဘူး။ အဲဒီလိုဆိုရင် အကြွေးပမာဏကြီးထွားနေတဲ့၊ လူနေမှုစရိတ်အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့ အမေရိကန်ကိုပါ တခြားနိုင်ငံတွေက အစိုးရပြောင်းလဲသင့်တဲ့နိုင်ငံလို့ သတ်မှတ်နိုင်သွားမှာပါ။

လက်ရှိကျူးဘားသမ္မတ မီဂွယ်ဒီးယက်ကန်နယ်ကတော့ အမေရိကန်ကျူးကျော်လာရင် ပြင်းထန်တဲ့ တော်လှန်မှုနဲ့ရင်ဆိုင်ရမယ်လို့ သတိပေးထားပါတယ်။ သူက အဲဒီလိုစစ်ပွဲမျိုးဖြစ်လာရင် သွေးချောင်းစီးမယ့်အခြေအနေဖြစ်လာနိုင်တယ်လို့ ပြောထားပါတယ်။ အမေရိကန်ရဲ့ ဖိအားအောက် ကျရှုံးသွားတဲ့နိုင်ငံတွေရှိသလို တောင့်ခံနိုင်ခဲ့တဲ့ နိုင်ငံတွေလည်းရှိပါတယ်။ ဗင်နီဇွဲလားက အမေရိကန်ရဲ့ဖိအားဒဏ်ကို အပြင်းအထန်ခံခဲ့ရပေမယ့် အီရန်ကတော့ အပြည့်အဝ မကျရှုံးခဲ့ပါဘူး။ ကျူးဘားရဲ့အနာဂတ်က ဘယ်လိုဖြစ်မလဲဆိုတာတော့ ယနေ့အထိ မသေချာသေးပါဘူး။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ အမေရိကန်ရဲ့ "ပိတ်ဆို့၊ ခြိမ်းခြောက်၊ ကျူးကျော်" ဆိုတဲ့သုံးဆင့်နည်းလမ်းဟာ ကမ္ဘာ့နိုင်ငံရေးမှာ ဆက်လက်အသုံးချနေဆဲဖြစ်သလို ဒီလိုအသုံးချမှုအောက်မှာ ကျူးဘားနိုင်ငံကရောက်ရှိလာနေတာပဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: RT

ထက်မြတ်

နျူကလီးယားလက်နက် မပြန့်ပွားရေးဆွေးနွေးပွဲ သဘောတူညီချက်မရဘဲ ပြီးဆုံး

နယူးယောက်၊ နိုင်ငံရေး

ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် နျူကလီးယားလက်နက်မပြန့်ပွားရေးနှင့် လက်နက်ဖျက်သိမ်းရေးရည်မှန်းချက်များကို ပြန်လည်အတည်ပြုရန်ဆွေးနွေးပွဲကို သီတင်းပတ်လေးပတ်ကြာဆောင်ရွက်ခဲ့သော်လည်း သဘောတူညီချက်မရရှိဘဲ ပြီးဆုံးသွားကြောင်း ဆွေးနွေးပွဲဥက္ကဋ္ဌ ဒိုဟုန်ဗီယက်က မေလ ၂၂ ရက်တွင် ပြောသည်။

ဆွေးနွေးပွဲတွင် နျူကလီးယားလက်နက်ထိန်းချုပ်ရေးအတွက် အဓိကစာချုပ်ဖြစ်သည့် Treaty on the Non-Proliferation of Nuclear Weapons (NPT) ကို ပြန်လည်သုံးသပ်သော်လည်း ဆွေးနွေးထားသည့် စာတမ်းကိုမူအတည်မပြုနိုင်ခဲ့ခြင်းဖြစ်သည်။

SIPRI အဖွဲ့ကထုတ်ပြန်သော အချက်အလက်များအရ ရုရှား၊ အမေရိကန်၊ တရုတ်နှင့် အခြားနျူကလီးယားလက်နက်ပိုင်ဆိုင်သော နိုင်ငံကိုးနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ နျူကလီးယားထိပ်ဖူး ၁၂၄၁ ခု ရှိနေကြောင်းသိရသည်။ နျူကလီးယားလက်နက်မပြန့် ပွားရေးသဘောတူစာချုပ်(NPT)သည် ၁၉၇၀ ပြည့်နှစ်တွင် စတင်အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံများကြား နျူကလီးယားလက်နက်ပြန့်ပွားမှုတားဆီးရန်ရည်ရွယ်ထားသည်။ **Ref: ST**

တောင်ကိုရီးယားတွင် လေ့ကျင့်ရေးလေယာဉ် ပျက်ကျ လူနှစ်ဦးဒဏ်ရာရ

ဆိုး၊ မတော်တဆမှု

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ဟဲနမ်ခရိုင်၌ မေလ ၂၃ ရက်တွင် လေ့ကျင့်ရေးလေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားပြီး လေယာဉ်ပေါ်ပါ လူနှစ်ဦး အပြင်းအထန်ဒဏ်ရာရရှိကြောင်း Yonhap သတင်းဌာနကဖော်ပြထားသည်။

လေယာဉ်သည် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် တောင်ဂျိုလာပြည်နယ် ဟဲနမ်ခရိုင် မွန်နဲမြို့ရှိ တောအုပ်ဧရိယာတစ်ခုအတွင်း ပျက်ကျခြင်းဖြစ်ကြောင်း မီးသတ်တာဝန်ရှိသူများကပြောသည်။ လေယာဉ်ပေါ်တွင် သင်တန်းသားတစ်ဦးနှင့် နည်းပြတစ်ဦးတို့ ပါပြီး ၎င်းတို့ကိုအပြင်းအထန်ဒဏ်ရာများဖြင့် ဆေးရုံသို့ပို့ထားသည်။ ယခုမတော်တဆမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ထားကြောင်း သတင်းဌာနကဖော်ပြထားသည်။ **Ref: Xinhua**

တရုတ်က အာကာသယာဉ်မှူးသုံးဦးပါသည့် အာကာသယာဉ် လွှတ်တင်ရန်ပြင်ဆင်၊ လပေါ်ခြေချနိုင်ရေးရည်မှန်းချက်နီးစပ်လာ



ပေကျင်း၊ အာကာသ

တရုတ်နိုင်ငံက အာကာသယာဉ်မှူးသုံးဦးလိုက်ပါသည့် အာကာသယာဉ်ကို မေလ ၂၄ ရက်တွင် လွှတ်တင်သွားမည်ဖြစ်ပြီး ယင်းသို့လွှတ်တင်ခြင်းအားဖြင့် တရုတ်နိုင်ငံ၏ လပေါ်လူသားများခြေချနိုင်ရေးရည်မှန်းချက်အောင်မြင်ရန် နီးစပ်လာပြီဖြစ်ကြောင်းသိရသည်။

အဆိုပါအာကာသယာဉ်မှူးသုံးဦးသည် ကောင်းကင်ဘုံဟုအမည်ပေးထားသည့် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အာကာသစခန်းသို့ အလှည့်ကျတာဝန်အဖြစ်သွားမည်ဖြစ်သည်။ အဆိုပါအာကာသယာဉ်မှူးသုံးဦးလိုက်ပါသည့် Shenzhou-23 အာကာသခရီးစဉ်ကို နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျူကွမ်းအာကာသယာဉ်လွှတ်တင်ရေးစင်တာမှ ည ၁၁ နာရီ ၈ မိနစ်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသအေဂျင်စီက မေလ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါအာကာသယာဉ်မှူးသုံးဦးတွင် အမျိုးသမီးအာကာသယာဉ်မှူးတစ်ဦး ပါဝင်ပြီး ထိုအမျိုးသမီးသည်ဟောင်ကောင်၏ပထမဆုံးသော အာကာသယာဉ်မှူးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများကဖော်ပြထားသည်။

ယခုလုပ်ဆောင်သည့် အာကာသခရီးစဉ်သည် အာကာသသိပ္ပံဆိုင်ရာလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်းနှင့် အာကာသယာဉ်မှူးများ၏ စွမ်းဆောင်ရည်ကိုတိုးတက်အောင် ဆောင်ရွက်ခြင်းအပြင် အာကာသစခန်းသို့ ကုန်ပစ္စည်းပို့ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီ လပေါ်တွင် လူများခြေချနိုင်ရေး ရည်မှန်းထားသည်။ **Ref: ST**

ဂါဇာတွင် အစ္စရေး၏ တိုက်ခိုက်မှုများက သဘောတူညီချက်ကို ချိုးဖောက်မှုဟုဆို

ဂါဇာ၊ စစ်ရေး

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးက ဆက်လက်လုပ်ဆောင်နေသော တိုက်ခိုက်မှုများနှင့် တင်းမာမှုမြင့်တက်အောင် လုပ်ဆောင်နေမှုများသည် ကြားဝင်ညှိနှိုင်းသူများကြောင့် ရရှိထားသည့် ငြိမ်းချမ်းရေးသဘောတူညီချက်များကို ထင်ရှားစွာ ချိုးဖောက်နေခြင်းဖြစ်ကြောင်း ဟားမတ်အဖွဲ့က မေလ ၂၃ ရက်တွင် ပြောထားသည်။

သဘောတူညီချက်များအရ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာရမည်ဖြစ်ပြီး မြေပြင်တွင် တိုက်ခိုက်မှုအခြေအနေသစ်များ မဖန်တီးရဟု သတ်မှတ်ထားကြောင်း ဟားမတ်အဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဟာဇမ်ကာဆမ်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင်ကြားဝင်ညှိနှိုင်းသူများ၊ Sharm el-Sheikh သဘောတူညီချက်ကို သက်သေခံထားသည့်အဖွဲ့များနှင့် အမေရိကန်နိုင်ငံဦးဆောင်သည့် ငြိမ်းချမ်းရေးအဖွဲ့တို့အား အန္တရာယ်ရှိသော ချိုးဖောက်မှုများရပ်တန့်စေရေး အရေးပေါ်ဆောင်ရွက်ပေးရန် ကာဆမ်ကတောင်းဆိုထားသည်။ **Ref: Xinhua**

အီရန်-အမေရိကန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီမှုရရန်နီးစပ်မှုမရှိသေးဟု အီရန်ပြော

တီဟီရန်၊ နိုင်ငံရေး

အီရန်နှင့်အမေရိကန်ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ သဘောတူညီမှုရရှိရန် နီးစပ်မှုမရှိသေးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘာဂါအီက မေလ ၂၂ ရက်တွင် ပြောသည်။

ပါကစ္စတန်နိုင်ငံစစ်ဘက်အကြီးအကဲနှင့် ပြည်ထဲရေးဝန်ကြီးတို့ အီရန်နိုင်ငံသို့ရောက်ရှိနေသော်လည်း ယင်းသည် ဆွေးနွေးပွဲများတွင် အဆုံးအဖြတ်အခြေအနေသို့ ရောက်ရှိနေသည်ဟု မဆိုလိုကြောင်း ၎င်းကပြောသည်။ ထို့ပြင် အီရန်နှင့် အမေရိကန်ကြား ကွာခြားချက်များမှာ နက်ရှိုင်းပြီးများပြားကြောင်း၊ သံတမန်ရေးဆွေးနွေးမှုများသည် အချိန်ယူရကြောင်း ဘာဂါအီက ဆက်ပြောသည်။ ဆွေးနွေးပွဲများသည် လက်ဘနွန်အပါအဝင် တိုက်ခိုက်မှုများအားလုံး အဆုံးသတ်ရေးကိုသာရည်ရွယ်ထားပြီး လက်ရှိအဆင့်တွင်အီရန်၏ နျူကလီးယားအစီအစဉ်မပါဝင်သေးကြောင်းလည်း ၎င်းကဆိုသည်။

Al Arabiya သတင်းဌာနက အီရန်-အမေရိကန်ငြိမ်းချမ်းရေးသဘောတူညီချက်မူကြမ်းတွင် အချက်(၉)ချက်ပါဝင်ကြောင်း ဖော်ပြထားသည်။ ယင်းတွင် အပစ်အခတ်ရပ်စဲရေး၊ စစ်ရေးနှင့် စီးပွားရေးအဆောက်အအုံများကိုမတိုက်ခိုက်ရေး၊ ရေကြောင်းလွတ်လပ်စွာသွားလာခွင့်နှင့် ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရေးတို့ပါဝင်ကြောင်း သိရသည်။ **Ref: Xinhua**

တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုတွင် လူ ၉၀ ထက်မနည်းသေဆုံး



ပေကျင်း၊ မတော်တဆမှု

တရုတ်နိုင်ငံအလယ်ပိုင်း ရှန်းရီးပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်ခုတွင် ဖြစ်ပွားသည့် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် လူ ၉၀ ထက်မနည်းသေဆုံးကြောင်း တရုတ်နိုင်ငံပိုင် Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါပေါက်ကွဲမှုသည် ပေကျင်းမြို့၏ အနောက်တောင်ဘက်ကီလိုမီတာ ၅၂၀ ခန့် အကွာရှိ ကျင်းယွမ်ခရိုင်၌ မေလ ၂၂ ရက်နှောင်းပိုင်းတွင် ကျောက်မီးသွေးတွင်းမှ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိမှု သတိပေးချက်ထုတ်ပြန်ပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် မြေအောက်၌ အလုပ်သမား ၂၄၇ ဦး ရှိနေပြီး အခြားအလုပ်သမားများ ပိတ်မိနေဆဲရှိ၊ မရှိကိုမူ မသိရသေးကြောင်းသိရသည်။

အစောပိုင်းတွင် သေဆုံးသူရှစ်ဦးသာ ရှိကြောင်းဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသူအရေအတွက် ရုတ်တရက် မြင့်တက်လာခြင်းဖြစ်သည်။ ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်မီးသွေးတွင်းလုပ်ငန်းကို လည်ပတ်သည့်ကုမ္ပဏီအမှုဆောင်များကိုလည်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း Xinhua ကဆိုသည်။

ယခုဖြစ်စဉ်သည် ဆယ်စုနှစ်တစ်ခုကျော်အတွင်း တရုတ်နိုင်ငံ၏လူအသေအပျောက်အများဆုံး ကျောက်မီးသွေးတွင်း မတော်တဆမှုဖြစ်လာသည်။ သမ္မတ ရှီကျင့်ဖျင်က ကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းရန်ညွှန်ကြားထားကြောင်း သိရသည်။ **Ref: SCMP**





ကဝမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကဝ မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင် - ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် မေလ ၂၃ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံသို့သွားရောက်၍ ရဟန်းရှင်လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးကုသမှု လာရောက်ခံယူကြသည့် ပြည်သူများအား ပဲခူးမြို့ ခုတင် - ၅၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားပြီး အထူးကုဆရာဝန်ကြီး များက စမ်းသပ်ကုသပေးနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့အနေဖြင့် မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရေးနှင့် ပြည်သူများအသက်ရှည် အနာမဲ့စွာနေထိုင်နိုင်ရေးအတွက် ကုသမှု များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကဝမြို့နယ်အတွင်းရှိ ပြည်သူများအား ဖျားနာရောဂါ၊ ခွဲစိတ်၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးရောဂါ၊ အရေပြားရောဂါ၊ ဓာတ်မှန်၊ သွားနှင့် ခံတွင်းရောဂါ စသည့် ဘာသာရပ် ၁၀ ခုမှ အထူးကုဆရာဝန်ကြီးများဖြင့် လာရောက် ပြသသည့်လူနာ ၃၀၀ ကျော်အား ကျန်းမာရေးစစ်ဆေးကုသမှုများပြုလုပ် ပေးနိုင်ကြောင်း သိရသည်။

(၄၁၀)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်



ချောင်းသာ မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့အမှတ် (၃) ရပ်ကွက်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို မေလ ၂၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချောင်းသာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုက်နယ်ကျန်းမာရေးဌာနနှင့် ချောင်းသာမြို့ ကြက်ခြေနီသူနာပြုတာပ်ဖွဲ့တို့ ပူးပေါင်းပြီး ချောင်းသာမြို့ အမှတ် (၃) ရပ်ကွက်အတွင်း ခြင်မှတစ်ဆင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေးနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးတို့အတွက် ခြင်များအလွယ်တကူခိုအောင်းနိုင်သည့် ရေတင်ကျန်နိုင်သောနေရာများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုး၊ ရေခွက်၊ တာယာ အပောင်းများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ကြသည်။

ချောင်းသာမြို့တွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်း များ၊ သာသနိကအဆောက်အအုံများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ နေအိမ်၊ အဆောက်အအုံများ၌ ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

မျိုးဝင်း(ပြန်/ဆက်)

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့်အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၂၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

ပညာရေးဝန်ကြီးဌာန
“၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး
သိရှိလိုက်နာရမည့်အချက်များ

- မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့်အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။






လျှပ်စစ်ဓာတ်အားပေးစနစ်တစ်လျှောက် ဖျက်ဆီးခံရမှုများကိုတွေ့ရစဉ်။



ဓာတ်အားပေးစက်ရုံများသို့ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖျက်ဆီးခံရမှုကိုတွေ့ရစဉ်။





ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုကိုတွေ့ရစဉ်။





လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုများကိုတွေ့ရစဉ်။





သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပြင်ဆင်နေမှုများကိုတွေ့ရစဉ်။

❐ ကျော်ဖုံးမှုအဆက်

လျှပ်စစ်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာသွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက်ဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိချိန်တွင် ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေမည်ဖြစ်သည်။

ထို့ပြင် အချို့သော ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများသည် အကြမ်းဖက်ဖျက်ဆီးခံထားရသဖြင့် အပြည့်အဝအသုံးပြုနိုင်မှုမရှိတော့သည့်အတွက် ကျန်ရှိသည့်ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများသည် ဝန်ပို့များထမ်းဆောင်နေကြရသည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာ စွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကို ကြိုးစားဖြည့်ဆည်းနေရသည့် အခြေအနေဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

လီဗာပူးအသင်းမှထွက်ခွာမည့် ဆာလက်ချ်အား စီးရီးအေကလပ်အသင်းများဖြစ်သည့် အေစီမီလန်အသင်းနှင့် ရိုးမားအသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်း

ရောမ မေ ၂၃

ယခုဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှထွက်ခွာမည့် တိုက်စစ်ကစားသမား ဆာလက်ချ်အား စီးရီးအေကလပ်အသင်းကြီးများဖြစ်သည့် ရိုးမားအသင်းနှင့် အေစီမီလန်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဆာလက်ချ်သည် ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်ပြီး အစောပိုင်းက ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ အေစီမီလန်အသင်းနှင့် အသင်းဟောင်း ရိုးမားအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆာလက်ချ်သည် လီဗာပူးအသင်းသို့ မပြောင်းရွှေ့မီက ရိုးမားအသင်းတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အေစီမီလန်အသင်းနှင့် ရိုးမားအသင်းတို့သည် လာမည့်ဘောလုံးရာသီတွင် ဥရောပအဆင့်ပြိုင်ပွဲများကစားရန်ရှိနေသည့်အတွက် အသင်းကစားသမားအင်အားပိုင်းကို ဖြည့်တင်းလိုနေပြီး အသင်းတိုက်စစ်ပိုင်းအတွက် ဆာလက်ချ်အား အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆာလက်ချ်အား ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူလိုနေသော်လည်း ဆာလက်ချ်ကိုယ်တိုင်က ဥရောပတွင် ဆက်လက်ကစားလိုသည့်အတွက် အေစီမီလန်အသင်းထက် အသင်းဟောင်း ရိုးမားအသင်းသို့သာ ဦးစားပေးပြန်လည်ပြောင်းရွှေ့ဖွယ်ရှိနေသည်။

တိုက်စစ်ကစားသမားဆာလက်ချ်သည် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၄၁ ပွဲအထိ ပါဝင်ကစားကာ ၂၅၇ ဂိုးသွင်းယူထားနိုင်သူဖြစ်ကြောင်း သိရသည်။

Ref;Transfer News Live

အယ်နာဆာအသင်းကို ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ပြီးနောက် နည်းပြဂျီးဆပ် အသင်းမှထွက်ခွာ

ရီယက် မေ ၂၃

အယ်နာဆာအသင်းဝါရင့်နည်းပြ ဂျီးဆပ်သည် ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ပြီးနောက် အသင်းမှ စာချုပ်သက်တမ်းကုန်ဆုံးကာ ထွက်ခွာခဲ့ကြောင်း သိရသည်။

အယ်နာဆာအသင်းက နည်းပြဂျီးဆပ်ကို အသင်းအား ဆက်လက်တာဝန်ယူကိုင်တွယ်စေလိုသော်လည်း ဂျီးဆပ်ကိုယ်တိုင်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျီးဆပ်သည် ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အယ်နာဆာအသင်းနှင့် နှစ်ပေါင်းအတန်ကြာ ကွာဝေးနေသည့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျီးဆပ်သည် ယခုဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် အာရှချန်ပီယံလိဂ်-၂ ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ပြီးနောက် ဂျပန်ကလပ် ဂမ်ဘာအသင်းကိုရှုံးနိမ့်သည့်အတွက် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

နည်းပြဂျီးဆပ်သည် အယ်နာဆာအသင်းကို ယခုဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ၄၉ ပွဲ တာဝန်ယူကိုင်တွယ်ရာတွင် ပွဲပေါင်း ၄၀ အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ပြီး နှစ်ပွဲသရေရလဒ်နှင့် ခုနစ်ပွဲရှုံးနိမ့်ကာ နိုင်ပွဲရရှိမှုရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်းအထိ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြဂျီးဆပ်သည် လက်ရှိတွင် ပေါ်တူဂီအသင်းနည်းပြသစ်အဖြစ် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref;B/R Football



နည်းပြကလော့နှင့် ဟာလန်းတို့ကိုခေါ်ယူပေးမည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရီကွယ်မီပြောကြား



မက်ဒရစ် မေ ၂၃

ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌသစ်ရွေးချယ်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရီကွယ်မီက အသင်းထံ နည်းပြကလော့နှင့် မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းတို့ကို ခေါ်ယူပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ရီးယဲလ်မက်ဒရစ်အသင်းတွင် အသင်းဥက္ကဋ္ဌ ရာထူးကို လက်ရှိအသင်းဥက္ကဋ္ဌ ပီရက်က ကာလရှည်တာဝန်ယူပြီးနောက် အသင်းဥက္ကဋ္ဌသစ်ရာထူးအတွက် ယခုနှစ်အတွင်း ရွေးချယ်ပွဲကျင်းပမည်ဖြစ်ကာ ရွေးချယ်ခံမည့်သူများအနေဖြင့် မေလ ၂၃ ရက်က စာရင်းပေးသွင်းရပြီး စပိန်စီးပွားရေးလုပ်ငန်းရှင် ရီကွယ်မီကလည်း ပီရက်နှင့်အပြိုင် ဝင်ရောက်ရွေးချယ်ခံမည်ဖြစ်သည်။

လက်ရှိအသင်းဥက္ကဋ္ဌ ပီရက်သည် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌရာထူးကို ဒုတိယအကြိမ် ၂၀၁၉ ခုနှစ်မှစတင်ပြီး ကာလရှည်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ရီကွယ်မီသည် ရေနှင့်စွမ်းအင်အုပ်စုကိုပိုင်ဆိုင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌသစ် ရွေးချယ်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

နည်းပြကလော့သည် လီဗာပူးအသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ၂၀၂၄ ခုနှစ်က အသင်းနှင့်လမ်းခွဲပြီးနောက် လက်ရှိတွင် ရက်ဘူးလ်အုပ်စု၏ ဘောလုံးဆိုင်ရာတာဝန်ရှိသူအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

အလားတူ မန်စီးတီးအသင်းတိုက်စစ်ကစားသမား ဟာလန်းသည်လည်း ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ နည်းပြဂွါဒီယိုယာ ထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်းအနေဖြင့် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေခြင်းဖြစ်သည်။

ရီကွယ်မီက ဟာလန်းကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူထံ ဆက်သွယ်မှုများလုပ်ဆောင်ထားပြီး နည်းပြကလော့ကိုခန့်အပ်ရန် ၎င်း၏အကြံပေးအဖွဲ့မှတစ်ဆင့် ဆက်သွယ်မှုများလုပ်ဆောင်ထားသည်ဟု မဲဆွယ်စည်းရုံးမှုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref;Score 365

အာဆင်နယ်အသင်းက တင်ဘားနှင့် ဒီကလန်ရိုဒ်တို့ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

လန်ဒန် မေ ၂၃

အာဆင်နယ်အသင်းမှ အဓိကကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် တင်ဘားနှင့် ဒီကလန်ရိုဒ်တို့ကို မကြာမီ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

တင်ဘားနှင့် ဒီကလန်ရိုဒ်တို့သည် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်း နှစ်ပေါင်း ၂၂ နှစ်အကြာတွင် ပရီမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားများအဖြစ် ပါဝင်လာကာ တင်ဘားသည် အသင်းကွင်းလယ်အဖျက်ပိုင်းတွင်သာမက ခံစစ်ပိုင်းတွင်ပါ အကောင်းဆုံးကစားနိုင်ပြီး အရေးပါသည့်ကစားသမားတစ်ဦးဖြစ်သည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

တင်ဘားနှင့် ဒီကလန်ရိုဒ်တို့၏ စာချုပ်သက်တမ်းမှာ ကျန်ရှိနေသေးသော်လည်း အာဆင်နယ်အသင်းက အသင်းမှ အဓိက ကစားသမားများကို အသင်းတွင် ကာလရှည် ဆက်လက်ထိန်းထားလိုသည့်အတွက် မကြာမီဆွေးနွေးမှုများလုပ်ဆောင်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်မည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံဆုကို ကာကွယ်ရန် အစောပိုင်းကလည်း အသင်းမှ အဓိက ကစားသမားအများစုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

Ref;Fabrizio Romano

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)ရှိ စစ်မှုထမ်းဟောင်း မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များအား နယ်လှည့် ဆေးကုသရေးအဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမြို့ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)ရှိစစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ဝင်များက အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ စစ်မှုထမ်းဟောင်းများနှင့်မိသားစုဝင်စုစုပေါင်း ၁၄၀ဦးတို့ကို သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေခံစက်ချုပ်သင်တန်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ထန်းတပင်မြို့နယ်တွင် ငွေကျပ်သိန်း ၆၇၅၀ တန်ဖိုး၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁၇ ဒသမ ၇၅ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ



တရားခံ စိုးနိုင်နှင့် သန်းထွေးတို့အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၂၃

ထန်းတပင်မြို့နယ်တွင် ငွေကျပ်သိန်း ၆၇၅၀ တန်ဖိုး၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁၇ ဒသမ ၇၅ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၂၁ ရက်နံနက်၁၀ နာရီခွဲတွင်သတင်းအရထန်းတပင်မြို့နယ်၊ ကျောင်းစုရပ်ကွက်အနီး၊ အနောက်ပိုင်းတက္ကသိုလ်လမ်းမကြီးတွင် ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်နေ စိုးနိုင်(၃၃)နှစ်မောင်းနှင်ပြီး ထန်းတပင်မြို့နယ်၊ ပေါက်တန်းကျေးရွာနေ သန်းထွေး(၅၂)နှစ်လိုက်ပါလာသော HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀)နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၁၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၇၅၀)တို့အား ဖမ်းဆီးရမိသဖြင့် စိုးနိုင်နှင့်သန်းထွေးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေလ ၂၁ ရက်မွန်းလွဲ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအနီး တာချီလိတ်-မိုင်းဆတ်သွားလမ်းတွင် ကျိုင်းတုံမြို့နယ်၊ ပန်ဝိုင်(အထက်)ကျေးရွာနေ နေမင်းဦး(၄၅)နှစ်မောင်းနှင်ပြီး မိုင်းဖြတ်မြို့နယ်၊ ဘူရီးကျေးရွာနေ ဘောဇ(၅၆)နှစ်လိုက်ပါလာသော WAVEi 125 အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုး ငွေကျပ် ၁၂ သိန်း)နှင့် ဘိန်းဖြူ ၂၅ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၃၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် ၅၇ ဒသမ ၅၅ သိန်း) တို့အား ဖမ်းဆီးရမိသဖြင့် နေမင်းဦးနှင့် ဘောဇတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

မိုးစပါးနှင့်မိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးခြင်းနှင့် ပျိုးပင်များပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၂၃

နိုင်ငံတော်အစိုးရအဖွဲ့၏ ရက် (၁၀၀) စီမံချက်ဖြင့် တောင်သူများအား မိုးစပါးနှင့် မိုးသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပွဲနှင့်အိမ်ခြံဝင်း (Home Gardening) စိုက်ပျိုးရန်အတွက် ပျိုးပင်များပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာမမွာရုံ၌ ဆောင်ရွက်သည်။

ဦးစွာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးထိန်လင်းဟန်ကတောင်သူများအား သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲစေရေး၊ အဓိကသီးနှံများ၏ပန်းတိုင်အထွက်နှုန်းရရှိရေးလိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ပျိုးပင်များကိုလည်း ကျေးလက်နေပြည်သူများအနေဖြင့် စီးပွားဖြစ်စိုက်ပျိုးတတ်သည့်အလေ့အထကောင်းများရရှိစေရန်၊ လတ်ဆတ်၍ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သော ဟင်းသီးဟင်းရွက်များစားသုံးနိုင်ရန် ရည်ရွယ်၍ ယခုလို ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်အိမ်ခြံဝင်း(Home Gardening) စိုက်ပျိုးရန်အတွက် ခရမ်းပျိုးပင်၊ ငရုတ်ပျိုးပင်များနှင့်သဘာဝမြေဩဇာများကို ဒုတိယတိုင်းဦးစီးမှူး ဦးထိန်လင်းဟန်နှင့် တာဝန်ရှိသူများကပေးအပ်ရာ အေးမြင့်သာယာကျေးရွာရှိ တောင်သူများက အသီးသီးလက်ခံရယူခဲ့ကြောင်း သိရသည်။

နိုင်ထွန်း

■ ကျောဖုံးမှအဆက်

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ်ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် အားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၉ ဂိုး ဂိုးမရှိ၊ ပဲခူးတိုင်းဒေသကြီးပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ဂိုး ဂိုးမရှိ၊ ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၅-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၈၅	၄၇၇၀	၄၇၁၀	၄၆၀၀	၄၇၇၀	၄၇၈၅	၄၈၃၅	၄၆၈၀	၄၈၃၅	၅၁၅၅	၄၇၀၅	၄၈၇၅	၄၈၁၀	၄၇၆၀	၄၇၆၀	၄၉၇၅
95 Ron	၄၆၅၀	၄၈၄၀	၄၇၇၅	၄၆၆၅	၄၈၄၀	၄၈၅၀	၄၉၀၀	၄၇၅၀	၄၉၀၀	၅၂၂၀	၄၇၇၀	၄၉၆၀	၄၈၃၀	၄၈၃၀	၄၈၃၀	၅၀၄၀
HSD (500 ppm)	၄၄၆၀	၄၆၄၀	၄၅၈၀	၄၄၇၅	၄၆၄၀	၄၆၅၀	၄၇၀၀	၄၅၅၀	-	၅၀၀၅	၄၅၇၅	၅၀၅၅	၄၆၈၅	၄၆၃၀	၄၆၃၀	၄၈၃၀
HSD (50 ppm)	၅၄၈၅	၅၆၇၀	၅၆၃၀	၅၅၀၀	၅၆၇၅	၅၆၈၅	၅၇၃၅	၅၅၈၀	၅၇၃၅	၆၀၅၅	၅၆၀၅	၅၇၆၅	၅၇၃၀	၅၆၆၀	၅၆၆၀	၅၈၇၅
HSD (10 ppm)	၅၄၈၅	၅၆၇၀	၅၆၃၀	၅၅၀၀	၅၆၇၅	၅၆၈၅	၅၇၃၅	၅၅၈၀		၆၀၅၅	၅၆၀၅	၅၇၆၅	၅၇၃၀	၅၆၆၀	၅၆၆၀	၅၈၇၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင်ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၄၈	၄၄၆၈
95 Ron	၄၄၁၃	၄၅၁၅
HSD (500 ppm)	၄၂၉၁	၄၃၅၆
HSD (50 ppm)	၅၂၁၉	၅၃၁၄
HSD (10 ppm)	၅၂၁၉	၅၃၁၄

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း

လုပ်ငန်းကြီးကြပ်ရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
(၅/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းရှိ မြောက်ပိုင်းအိမ်ရာနှင့် ရတနာပုံတယ်လီပို့အဆောက်အဦများ အပိုင်း(၁)နှင့် အပိုင်း(၂)တို့တွင် ရေရရှိအသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ပြီး ရေလှောင်ကန်၊ ရေတွန်းစက်နှင့် ရေပိုက်လိုင်းများပြင်ဆင်တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ဆောင်ရွက်မည့်လုပ်ငန်းများအမည်-
- (၁) ရတနာပုံ Teleport မှ IC ဌာနသို့ 4" & 2" PVC ပိုက်တို့ဖြင့် ရေပို့ပိုက်လိုင်းဆက်သွယ်ချထားမှုအား ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်း(Lot-1)
- (၂) ရတနာပုံမြို့သစ် စီမံကိန်း ရေပေးရေးစနစ်အတွင်းရှိ Modular Type Treatment Unit အသစ်(၂)စုံ တပ်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်း(Lot-2)
- (၃) ရတနာပုံမြို့သစ်မြောက်ပိုင်း လျှပ်စစ်ဓာတ်အားရရှိရေး 500 KVA Transformer အသစ်လဲလှယ်တပ်ဆင်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများဆောင်ရွက်ခြင်း(Lot-3)
- (၄) ရတနာပုံ မြို့သစ်မြောက်ပိုင်း ဂါလန်(၅၀၀၀၀၀)ဆံ့ ရေပေးရေးဝင်းအတွင်း ကနဦး အနည်ကျကန်ရေလုံစေရန်ဆောင်ရွက်ခြင်း(Lot-4)
- (၅) 225 mm Ø HDPE Pipe များဝယ်ယူခြင်း(Lot-5)
- (၆) 160 mm Ø HDPE Pipe များဝယ်ယူခြင်း(Lot-6)
- (၇) 8",6",4",2" Ø PVC Pipe များဝယ်ယူခြင်း(Lot-7)
- (၈) Silica Sand များဝယ်ယူခြင်း(Lot-8)

(ခ) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁)ရက်

(ဂ) တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်

(ဃ) တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်

(င) တင်ဒါအာမခံကြေး(၁%)ပေးသွင်းခြင်း - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်
- ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၁)ရက်

(စ) တင်ဒါပုံစံလက်ခံခြင်း - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက်

(ဆ) တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၁)ရက်

(ဇ) တင်ဒါဖွင့်မည့်နေ့ - ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၂)ရက်

(ဈ) တင်ဒါတင်သွင်းရမည့်နေရာ - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

(ည) တင်ဒါလျှောက်လွှာဈေးနှုန်း - Lot 1,3,4,6,7,8 တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း
Lot 2,5 တစ်စောင်လျှင် ၃၀,၀၀၀/-နှုန်း

၂။ တင်ဒါပုံစံများအား (၁-ဖ-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း-၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုရုပကန(ကြို့ကုန်း)၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း(အောင်ဆန်း)နှင့် လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ(အလုံ) ရုံးဌာန(၃)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီဌာန်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.5.Security(2nd)(2026-2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၂၆ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၈-၅-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၈၅၅/၀၆၇-၃၄၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အမျိုးသားသွေးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားသွေးဌာနခွဲ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးဓာတ်ခွဲဆေးပစ္စည်းများ၊ သံဓာတ်အားဆေးနှင့် သွေးအိတ်များတွင် အသုံးပြုသော Label နှင့် Ribbon များ ဝယ်ယူရန် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၅-၂၀၂၆ ရက်(အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၆-၂၀၂၆ (တနင်္လာနေ့) (၁၆:၀၀)နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်အချက်အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့ (၀၁၈-၃၇၂၇၅၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြို့မြို့၊ စိတ္တသုခရပ်ကွက်နေ အဘ ဦးမင်းအောင်၏သား မောင်သူရိန်ခန့်၏အမည်မှန်မှာ ဖွားစာရင်းအရ မောင်ဖရက်ဒီမင်းအောင်ဖြစ်ပါကြောင်း။ **မောင်ဖရက်ဒီမင်းအောင်**

ပျောက်ဆုံးကြောင်း
နန်းကြာ(ဘ)ဦးဆန်း ၁၃/ဆဆန(နိုင်) ၁၀၄၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၂၆၂**

ပျောက်ဆုံးကြောင်း
လွန်ဝိုက္ခိုန်(ဘ)ဦးစွန်ခန့်မုန့် ၅/ကလထ(နိုင်) ၃၀၂၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 093617)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၀၁၄၂၅၂**

ပျောက်ဆုံးကြောင်း
အောင်ဇော်မင်း(ဘ)ဦးသောင်းညွှန့် ၇/ကတခ(နိုင်)၁၁၂၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇**

ပျောက်ဆုံးကြောင်း
စသတော(ဘ)ဦးစုရ ၁၄/ဇလန(နိုင်) ၁၄၀၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၂၃၀၅၅၅၆**

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မွန်ပြည်နယ်၊ မုဒုံမြို့၊ ညောင်ကုန်းရပ်ကွက်၊ ပိုင်ကမာရွာသစ်ကွင်းနေ အဘ ဦးဝမ်ဟိုး၏သား ဦးမျိုးလှိုင် ၁၀/မဒန(နိုင်) ၀၅၃၂၆၅၅ နှင့် သမီး ဒေါ်ခင်မြတ်မူ ၁၀/မဒန(နိုင်)၀၅၃၂၆၅၅ တို့၏ လွှဲအပ်ညွှန်ကြားချက်တို့အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မုဒုံမြို့၊ ညောင်ကုန်းကျေးရွာ၊ ပိုင်ကမာရွာသစ်ကွင်း၊ ကွင်းအမှတ်(၈၄၉)ဦးပိုင်အမှတ်(၃၂/၅)ရှိ မြေကွက် ၂ ကော(မျက်နှာစာပေ ၂၀၀)အနက်မှ ဦးမျိုးလှိုင်(ဘ)ဦးဝမ်ဟိုး ၁၀/မဒန(နိုင်)၀၅၃၂၆၅၅၊ ဒေါ်ခင်မြတ်မူ(ဘ)ဦးဝမ်ဟိုး ၁၀/မဒန(နိုင်)၀၅၄၁၈၄ တို့က တစ်ဦးလျှင် မျက်နှာစာ ပေ ၅၀ ဖြင့် စုစုပေါင်း ပေ ၁၀၀ အား ဥပဒေအရ တရားဝင်လက်ထိလက်ရောက် ပိုင်ဆိုင်ထားလျက်ရှိပြီး အဆိုပါငင်းတို့နှစ်ဦးပိုင်မြေကွက်များအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း လက်ရှိလက်ရောက်ပေးအပ်ထားခြင်း လုံးဝ(လုံးဝ) မရှိကြောင်းနှင့် အဆိုပါမြေကွက်အား တရားဥပဒေဘောင်ကျော်၍ မမှန်မကန် ပြုလုပ်သူများအား တွေ့ရှိပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဟန်သီသီထွန်း(LL.B.DBL.WIPO(Siwzaland))
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၈၀၈၈)
ဖုန်း-၀၉-၉၇၃၄၃၄၁၇

အမည်မှန်
နတ်မောက်မြို့၊ မြို့မရပ်ကွက်နေ (ဘ)ဦးကျော်စိုးဏ်၏သမီး ၈/နမန(နိုင်) ၁၁၈၆၂၉ ကိုင်ဆောင်သူ မနှင်းမေစိုး၏အမည်မှန်မှာ မမိုင်နှင်းမေစိုး ဖြစ်ပါကြောင်း။

မမိုင်နှင်းမေစိုး

ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ နတ်မောကျေးရွာနေ သက်ပိုင်စိုး(ဘ)ဦးထွန်းတင့်ဝေ ၉/တကန(နိုင်)၁၈၁၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၉၆၆၃၁၁၄**

ပျောက်ဆုံးကြောင်း
ဖြူနွှင်းဝေ(ဘ)ဦးခင်မောင်သိန်း ၉/ပဘန(နိုင်)၂၅၉၁၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 621477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၈၇၆၄၇၂၅**

ပျောက်ဆုံးကြောင်း
အောင်ထွန်း(ဘ)ဦးကျော်တင် ၉/၀တန(နိုင်)၁၃၃၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၀၅၉၁၀၉၀**

ပျောက်ဆုံးကြောင်း
သင်းသင်းအေး(ဘ)ဦးအောင်ရွှေ ၉/၀တန(နိုင်)၁၃၃၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၄၈၀၆၄**

ပျောက်ဆုံးကြောင်း
ဇော်မျိုးအောင်(ဘ)ဦးရွှေမန်း ၅/ခဥန(နိုင်) ၁၀၉၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 218444)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၄၅၂၅၃**

ပျောက်ဆုံးကြောင်း
ပြည်ဖြိုးဝင်းမြင့်(ဘ)ဦးဝင်းမြင့် ၉/မထလ(နိုင်)၁၆၉၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၂၆၂**

ပျောက်ဆုံးကြောင်း
မောက်နွယ်(ဘ)ဦးဥာဏ်လင်း ၁၄/ပသန(နိုင်)၁၆၄၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၂၆၂**

ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးသံလုံး ၁၄/အဂပ(နိုင်) ၁၈၀၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၂၆၂**

ပျောက်ဆုံးကြောင်း
မေရီနွယ်(ဘ)ဦးဥာဏ်လင်း ၁၂/ဒဂန(နိုင်) ၀၁၆၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၂၆၂**

ပျောက်ဆုံးကြောင်း
သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ စံပယ်လမ်းသွယ်(၃)နေ အေးအေး(ဘ)ဦးထွန်းရင် ၁၄/ညတန(နိုင်) ၁၁၂၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၃၃၃၅၂၁၈၉၀**

ပျောက်ဆုံးကြောင်း
နော်လွဲကတာဖေ(ဘ)စောစိုဂေ ၇/တငန(နိုင်)၁၄၆၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 540277)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၁၃၂၁၁၈၉**

ပျောက်ဆုံးကြောင်း
သူရလင်း(ဘ)ဦးဥာဏ်လင်း ၁၃/တကန(နိုင်)၁၄၂၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၁၅၂၆၂**

စာပေမြင့်မှ လူမျိုးတင့်မည်



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la




Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com





ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့ကြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအခမဲ့ အရသာထူး ဒိတ်ရွှင်ကြည်နူး ....

ရွေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ဆု BEST Practices Award ကျရှိခဲ့သည့် ရွှေပီဦး

Black Tea



ရွှေဖီဦး

Tea Mix



Lemon Tea



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၀၉၃၃

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale- ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသည့်အခြေအနေများအား ပြည်သူများသို့ အသိပေးတင်ပြ

နေပြည်တော် မေ ၂၃

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်နှင့်စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် အချို့သည် အမျိုးမျိုးသောနှောင့်ယှက်ဟန့်တားမှု၊ ပယောဂများကြောင့်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်သူလူထု၏ သုံးစွဲလိုမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဖြစ်ရာ ဝန်နှင့်အားမမျှတော့ဘဲ ရုန်းကန်နေရသည့်အခြေအနေဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၃ ❐



လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုများကို တွေ့ရစဉ်။

ဆောင်းပါး


သစ်လွင်သောခြေလှမ်းများနှင့် ကျောင်းဖွင့်ရာသီ၏ ဂုဏ်ကျက်သရေ စာ - ၁၃ သို့

၂၀၂၆ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ စာ - ၂၂ သို့

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၂၃

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ **(မိုး/၈လ)**



၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်ပြပုံ

မှတ်သား ဖွယ်ရာ မိုးရေချိန်များ ၂၃-၅-၂၀၂၆	မန္တလေး (အောင်မြေသာစံမြို့နယ်)	၅ ဒသမ ၁၆	လက်မ	မန္တလေး (ချမ်းအေးသာစံမြို့နယ်)	၃ ဒသမ ၆၆	လက်မ	ကျောက်ဖြူ	၂ ဒသမ ၈၃	လက်မ
							လွိုင်လင်	၂ ဒသမ ၄၈	လက်မ
							ကော့သောင်း	၂ ဒသမ ၂၄	လက်မ
	သထုံ	၄ ဒသမ ၈၄	လက်မ	ရွှေကျင်	၂ ဒသမ ၉၉	လက်မ	ပြင်ဦးလွင် (ဇီးပင်ကြီး)	၂ ဒသမ ၂၀	လက်မ
	ပုသိမ်ကြီး	၄ ဒသမ ၄၇	လက်မ	မုဒုံ	၂ ဒသမ ၈၇	လက်မ			

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၃

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်လေးဇုန်ခွဲ၍ကျင်းပရာ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **စာမျက်နှာ ၂၉ ကော်လံ ၄ ■**



